



mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နှစ် ၁၀၀ ကာလ ဖြတ်သန်းခဲ့သော ရုပ်ရှင်သည်
အနုပညာပစ္စည်းအဖြစ် လက်ခံလာခဲ့ကြသည်။
အီတလီ ရုပ်ရှင် သဘောတရားဆရာ
ရီချော်တီကာဒူဒို Ricciotto Canudo က
သတ္တမ အနုပညာဟု ကင်ပွန်းတပ်ခဲ့သော
ရုပ်ရှင်အနုပညာသည်
အခြားသော အနုပညာရပ်များနည်းတူ
သီဝရီ သဘောတရားများပေါ်
အခြေခံပြီး ဖြစ်ပေါ်တိုးတက်လာခဲ့သည်။
ယင်းကဲ့သို့ အနုပညာပစ္စည်းအဖြစ်သို့
ဖန်တီးခဲ့သူများမှာ
ရုပ်ရှင်ဒါရိုက်တာကြီးများ ဖြစ်သည်။

Design by The Maw Naing - 2020

AW - 5000 Ks

9 248480 502558

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၄၈၅

# ရုပ်ရှင် ၁၀၀

ရုပ်ရှင်ဖတ်စာ ၂

## အောင်ပိုင်း

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁၈ ၂၅၅ ၉၄၈၊ ၀၉ ၂၅ ၄၈ ၄၈ ၀၄၈

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ရုပ်ရှင် ၁၀၀

အောင်ဗိုင်း

ပထမအကြိမ်၊ မေ၊ ၂၀၂၂။

အုပ်ရေ – ၅၀၀

တန်ဖိုး – ၅၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျ လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊ ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – သည်မော်နိုင်၊ **အတွင်းဒီဇိုင်း** – ကျော်မျိုးသိန်း၊ **ကွန်ပျူတာစာစီ** – သရဖိ၊ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


– ရုပ်ရှင်ကား ၁၀၀ နှင့် ပတ်သက်၍ ၉
– ရာစု ရုပ်ရှင်ကား ၁၀၀ ၁၁
1. The Adventures of Robin Hood ၁၃
2. The African Queen ၁၇
3. All About Eve ၁၉
4. All Quiet On The Western Front ၂၂
5. Apocalypse Now ၂၅
6. Bad Day at Black Rock ၂၉
7. Bambi ၃၀
8. The Bank Dick ၃၃
9. The Battleship Potemkin ၃၅
10. The Best Years of Our Lives ၃၈
11. Bicycle Thieves ၄၀
12. The Big Sleep ၄၂
13. The Birth of A Nation ၄၄
14. Bonnie and Clyde ၄၇
15. Breathless — A Bout de Souffle ၅၀
16. Bringing Up Baby ၅၄
17. Butch Cassidy and The Sundance Kid ၅၆
18. Cabaret ၅၉


mgyoe.com

mgyoe.com SAMPLE BOOK


19. Casablanca ၆၂
20. Chinatown ၆၆
21. Citizen Kane ၆၈
22. The Discreet Charm of The Bourgeoisie ၇၀
23. Dog Day Afternoon ၇၃
24. Double Indemnity ၇၅
25. Duck Soup ၇၇
26. Les Enfants Du Paradis — Children Paradise ၈၀
27. E.T. — The Extra-Terrestrial ၈၃
28. Frankenstein ၈၅
29. The General ၈၇
30. Genevieve ၈၉
31. The Godfather ၉၀
32. The Godfather Part II ၉၃
33. The Gold Rush ၉၆
34. Gone With The Wind ၉၉
35. La Grande Illusion ၁၀၂
36. The Grapes of Wrath ၁၀၆
37. Great Expectations ၁၀၈
38. Gregory's Girl ၁၁၀
39. Hannah and Her Sisters ၁၁၂
40. High Noon ၁၁၄
41. His Girl Friday ၁၁၆
42. I Know Where I'm Going ၁၁၈
43. It Happened One Night ၁၂၀
44. It's A Wonderful Life ၁၂၂
45. Les Jeux Interdits — Forbidden Games ၁၂၄
46. Kind Hearts and Coronets ၁၂၆


mgyoe.com

mgyoe.com SAMPLE BOOK


47. The Lady Eve ၁၂၈

48. The Lady Vanishes ၁၃၀

49. Laura ၁၃၂

50. The Lavender Hill Mob ၁၃၄

51. Lawrence of Arabia ၁၃၆

52. The Leopard — Il Gattopardo ၁၃၈

53. The Maltese Falcon ၁၄၀

54. M.A.S.H. ၁၄၂

55. A Matter of Life and Death ၁၄၄

56. Mean Streets ၁၄၆

57. Modern Times ၁၄၈

58. My Darling Clementine ၁၅၀

59. Napoleon ၁၅၃

60. Nashville ၁၆၀

61. The Nights of Cabiria — Le Notti di Cabiria ၁၆၂

62. Ninotchka ၁၆၆

63. Oh! Mr. Porter ၁၆၈

64. On The Waterfront ၁၇၀

65. Orpheus — Orphée ၁၇၃

66. Pat and Mike ၁၇၇

67. Pather Panchali ၁၇၉

68. Paths of Glory ၁၈၂

69. Psycho ၁၈၅

70. Pygmalion ၁၈၈

71. Raging Bull ၁၉၂

72. Ran ၁၉၄

73. Rashomon ၁၉၇

74. Red River ၂၀၀


mgyoe.com

mgyoe.com SAMPLE BOOK


75. The Red Shoes ၂၀၂
76. La Régle Du Jeu — The Rules of the Game ၂၀၄
77. Richard III ၂၀၇
78. The Searchers ၂၀၉
79. The Seven Samurai — Shichi-nin no Samurai ၂၁၀
80. The Seventh Seal — Det Sjunde Inseglet ၂၁၃
81. Shane ၂၁၆
82. Singin' In The Rain ၂၁၉
83. Sleeper ၂၂၂
84. Some Like It Hot ၂၂၄
85. Stagecoach ၂၂၇
86. La Strada — The Road ၂၃၀
87. Sunset Boulevard ၂၃၆
88. Taxi Driver ၂၃၉
89. The Thief of Baghdad ၂၄၁
90. The Third Man ၂၄၄
91. The Thirty-Nine Steps ၂၄၆
92. To Be Or Not To Be ၂၄၉
93. Top Hat ၂၅၁
94. The Treasure of The Sierra Madre ၂၅၃
95. 2001 : A Space Odyssey ၂၅၆
96. Whisky Galore ၂၅၉
97. The Wild Bunch ၂၆၁
98. Wild Strawberries — Smultronstället ၂၆၃
99. The Wizard of Oz ၂၇၀
100. Z ၂၇၃

ကျမ်းကိုးစာရင်း ၂၇၆


mgyoe.com

mgyoe.com SAMPLE BOOK

# ရုပ်ရှင်ကား ၁၀၀ နှင့် ပတ်သက်၍ ...

ကမ္ဘာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ချိန်တွင် ရုပ်ရှင်ဝေဖန်ရေးသမား၊ ရုပ်သံတင်ဆက်သူနှင့် ဂျာနယ်လစ် ဘယ်ရီနော်မန် (Barry Norman) သည် 'ရာစုရုပ်ရှင်ကား ၁၀၀' 100 Best Films Of The Century အမည်ဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။ ယင်းစာအုပ် နိဒါန်းတွင် သူ ရွေးချယ်ထားသော ရုပ်ရှင်ကားများနှင့် ပတ်သက်၍ စာဖတ်ပရိသတ်များ သဘောတူနိုင်မည်မဟုတ်ဟု ယူဆကြောင်း၊ ရွေးချယ်ထားသော ရုပ်ရှင်ကားများသည် မိမိ ကြိုက်နှစ်သက်သော ရုပ်ရှင်များသာဖြစ်ကြောင်း ရေးသားထားသည်။

ကျမ်းပြုသူ ဘယ်ရီနော်မန်က စာအုပ်အမှာတွင် ရုပ်ရှင်သမိုင်းကို ဖော်ပြထားသည်။ (၁) အစောပိုင်းနေ့ရက်များ၊ (၂) ရွှေခေတ်၊ (၃) ကလေးငယ်များ၊ ရုပ်သံနှင့် တခြားဘေးအန္တရာယ်များ၊ (၄) လူငယ်လူရွယ်နှင့် ဝက်ဝက်ကွဲလူကြိုက်များသည့် ရုပ်ရှင်များ၊ (၅) မရေရာသော နှစ်ကာလများ၊ (၆) ရွေးချယ်ခွင့် မေးခွန်း စသည်ဖြင့် အသေးစိတ် ရှင်းပြထားသည်။

မြန်မာစာပေတွင် ဆရာ(ဦး)အောင်သင်းသည် 'ကျွန်တော် အကြိုက်ဆုံးဝတ္ထုများ'အမည်ဖြင့် ဝတ္ထုတိုများကို သုံးသပ်ခဲ့ဖူးသည်။ ဘယ်ရီနော်မန်၏ ရုပ်ရှင်ကား ၁၀၀ သည်လည်း ဤသဘော ဆောင်နေပါသည်။ နိုင်ငံတကာ

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ကြည့်သင့်၊ ကြည့်ရမည့် ရုပ်ရှင်ကားများနှင့် ပတ်သက်ပြီး စာအုပ်များစွာ ရှိပါသည်။ ပြုစုသူ ရေးသားသူ၏ အမြင်များပေါ် မူတည်ပြီး ရွေးချယ်ထားသည့် ရုပ်ရှင်ကားများသည် ကွဲပြားမှုလည်း ရှိနိုင်သလို ကွဲပြားမှုတွေလည်း များစွာ ရှိနိုင်ပါသည်။ ရှိလည်း ရှိနေသည်။ ရုပ်ရှင်သုတေသီများ၊ ရုပ်ရှင်ဝေဖန်ရေးသမားများ၊ ရုပ်ရှင်ရသပညာရှင်များ အားလုံး အကြိုက်ချင်းတူသည့် ရုပ်ရှင်ကားများမှာ လက်ချိုးရေတွက်၍ ရနိုင်သည် ဖြစ်ခြင်းကြောင့် 'အနုပညာ' ကိစ္စရပ်တစ်ခုကို ကောင်းမွန်ခြင်းနှင့် ကြိုက်ခြင်းသည် ထပ်တူကျရန် ခက်ခဲနေမည် ဖြစ်သည်။

အလျဉ်းသင့်၍ ဆိုရလျှင် ဘယ်ရီနော်မန် ရွေးထားသော ရုပ်ရှင်ကားတစ်ရာကို အခြေခံပြီး ထုတ်နုတ်မှုတွေ၊ ဖြည့်စွက်ချက်တွေ ပြုထားခြင်းကြောင့် သူ့စာအုပ်ကို မြန်မာဘာသာပြန်ဆိုခြင်းသက်သက် မဟုတ်တော့ပေ။

ဤဆောင်းပါးများကို ၁၉၉၅ ခုနှစ်၊ ဖွန်လတွင် စိန်ခြယ်မဂ္ဂဇင်း၌ စတင်ရေးသားခဲ့ပြီး ၁ မှ ၂၀ အထိသာ ဖော်ပြနိုင်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် မဟာဂျာနယ်တွင် ၁ မှသည် ၁၀၀ အထိ ထပ်မံရေးသားခဲ့သည်။ လွန်ခဲ့သော ၁၆ နှစ်ခန့်က ရေးသားခဲ့သော ဆောင်းပါးများကို ယခုအချိန်တွင် စုစည်းထုတ်ဝေခြင်း ဖြစ်သည်။

စာအုပ်အဖြစ် စုစည်းထုတ်ဝေပေးသော 'နှစ်ကာလများ'မှ ကဗျာဆရာ မိုးဝေး၊ စိန်ခြယ်မဂ္ဂဇင်း တာဝန်ခံစာတည်း ဖျာပုံနီလုံဦး၊ မဟာဂျာနယ် အယ်ဒီတာချုပ် (ကို)မြတ်ခိုင်တို့ကို ကျေးဇူးတင်ပါသည်။

**အောင်ဝိုင်း**

၁၈၊ ၈၊ ၂၀၂၀။

mgyoe.com

mgyoe.com SAMPLE BOOK

# ရာစု ရုပ်ရှင်ကား ၁၀၀

၁၈၉၅ ခု၊ ဒီဇင်ဘာ ၂၈ ရက်သည် ရုပ်ရှင်မွေးဖွားသောနေ့ ဖြစ်သည်။ Rotha (1960) P 69, Armes (1964) P 21, Norman (1992) P 3. ပထမဆုံး ရုပ်ရှင်ကားမှာ လူမဲယား ရိုက်ကူးသော အပိုင်း ၁၇ ပိုင်း ရုပ်ရှင်ကား ဖြစ်သည်။ ဒါရိုက်တာမှာ ပြင်သစ်လူမျိုး ဖြစ်သည်။ ရုပ်ရှင်အဘိဓာန်ကျမ်းပြုဆာဒိုးလ်က ရုပ်ရှင်ကား စတင်ပြသောနေ့နှင့် စပ်လျဉ်း၍ ၁၈၉၅ ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ဟု သတ်မှတ်ထားသည်။ Sadoul (1972) P 200။ မည်သို့ဖြစ်စေကာမူ ရုပ်ရှင်သုတေသီများ၊ ရုပ်ရှင်သမိုင်းပညာရှင်များက လူမဲယားညီနောင်ကို ရုပ်ရှင်ဖခင်အဖြစ် လက်ခံ သတ်မှတ်ထားကြသည်။

နှစ် ၁၀၀ ကာလ ဖြတ်သန်းခဲ့သော ရုပ်ရှင်သည် အနုပညာပစ္စည်းအဖြစ် လက်ခံလာခဲ့ကြသည်။ အီတလီ ရုပ်ရှင်သဘောတရားဆရာ ရီချော်တီ ကာနူဒို (Ricciotto Canudo) က သတ္တမ အနုပညာဟု ကင်ပွန်းတပ်ခဲ့သော ရုပ်ရှင်အနုပညာသည် အခြားသော အနုပညာရပ်များနည်းတူ သီဝရီ သဘောတရားများပေါ် အခြေခံပြီး ဖြစ်ပေါ်တိုးတက်လာခဲ့သည်။ ယင်းကဲ့သို့ အနုပညာပစ္စည်းအဖြစ်သို့ ဖန်တီးခဲ့သူများမှာ ရုပ်ရှင်ဒါရိုက်တာကြီးများ ဖြစ်သည်။ ဒါရိုက်တာ၏ အရေးပါပုံ၊ ပဓာနကျပုံကို ပိုလန်ပြည်ဖွား ဒါရိုက်တာ ရိုမန်

mgyoe.com

mgyoe.com SAMPLE BOOK

ပိုလန်စကီး (Roman Polanski) က 'ရုပ်ရှင်ဒါရိုက်တာဟာ အမြဲတမ်း စူပါစတား ဖြစ်တယ်'ဟု တွေ့ဆုံခန်းတစ်ခုတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ Gelmis (1970) P 215.

အခြားသော အနုပညာရပ်များနည်းတူ သဘာဝဝါဒ၊ သရုပ်မှန်ဝါဒ၊ ဆူရီယယ်ဝါဒ၊ အင်ပရက်ရှင်ဝါဒ၊ အိပ်(ဖ)ပရက်ရှင်ဝါဒ စသည်များ ရုပ်ရှင်အနုပညာလက်ရာများ၌ ပါဝင်ခဲ့သလို စမ်းသပ်တီထွင် ရုပ်ရှင်များ၊ မြေအောက်ရုပ်ရှင်များ၊ အပ ပယောဂကင်းသော သီးသန့်ရုပ်ရှင်များ၊ မော်ဒန်လွန် ရုပ်ရှင်များ ... စသဖြင့်လည်း ဖြစ်ပေါ်တိုးတက်ခဲ့သည်။ ရုပ်ရှင် ရသပညာရှင်များ၊ ရုပ်ရှင်သဘောတရား ဆရာကြီး ဆရာငယ်များ၊ ရုပ်ရှင်သုတေသီများ၊ ရုပ်ရှင်သမိုင်းပညာရှင်များ၊ ရုပ်ရှင်ဝေဖန်ရေးသမားများတို့သည် ရသရှုထောင့်၊ သမိုင်းရှုထောင့်၊ အနုပညာရှုထောင့်၊ သဘောတရားရှုထောင့်များမှနေ၍ ဝေဖန်၊ ဆန်းစစ်၊ သုံးသပ်ပေးခြင်းဖြင့် ရုပ်ရှင်အနုပညာ၏ တန်ဖိုးကို မြှင့်တင်ပေးခဲ့ကြသည်။ ရုပ်ရှင်အနုပညာနှင့် ပတ်သက်သော ဂျာနယ်များ၊ မဂ္ဂဇင်းများ တည်းဖြတ်ထုတ်ဝေခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတကာ လေးစား အသိအမှတ်ပြုကြသည့် ကန်း(စ)ရုပ်ရှင်ပွဲတော်၊ ဗင်းနစ်ပွဲတော်၊ ဘာလင်ရုပ်ရှင်ပွဲတော်၊ ... စသဖြင့် ရုပ်ရှင်ပွဲတော်များ ကျင်းပခြင်းဖြင့် လည်းကောင်း၊ ရုရှ၊ အမေရိကန်၊ ပိုလန်၊ ချက်၊ အင်္ဂလန်၊ ဂျာမနီနိုင်ငံများ၌ ရုပ်ရှင်သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် လည်းကောင်း ခေတ်မီ ရုပ်ရှင်စာကြည့်တိုက်များ၊ ပြတိုက်များ ဖွင့်လှစ်ထားပြီး နိုင်ငံတကာမှ ဂန္ထဝင်၊ ခေတ်ပေါ်ဂန္ထဝင်၊ မော်ဒန်ရုပ်ရှင်ကားများကို ရုပ်ရှင်အနုပညာ လေ့လာလိုက်စားသူများ၊ သုတေသီများ၊ ပညာရှင်များ ကိုးကားမှီငြမ်းရန် ဖွင့်ထားခြင်းဖြင့် လည်းကောင်း ရုပ်ရှင်အနုပညာရပ်ကို ဖွံ့ဖြိုးအောင် စောင့်ရှောက်ခဲ့ကြသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# 1. The Adventures of Robin Hood (1938)



'တောပုန်းကြီး ရော်ဘင်ဟု' ရုပ်ရှင်ကားတွေ များစွာ ပေါ်ထွက်ခဲ့ဖူးသည်။ ရုပ်သံဇာတ်လမ်းတွေလည်း ရှိသည်။ ၁၉၃၈ ခုနှစ်က ရိုက်ကူးခဲ့သော 'ရော်ဘင်ဟု၏ စွန့်စားခန်းများ' ရုပ်ရှင်မှာ ဒါရိုက်တာ မိုက်ကယ်ကားတစ်နှင့် ဝီလျမ်ကိုင်လီတို့ ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ (ကားတစ်သည် ဟန်ဂေရီနိုင်ငံသား၊ ရုပ်ရှင်ဒါရိုက်တာဖြစ်ပြီး သူ့အသက် ၃၉ နှစ်တွင် ဟောလိဝုဒ်ရောက်ရှိလာသူ ဖြစ်သည်။ သူက ၁၉၃၅ တွင် Captain Blood ကို ရိုက်ကူးခဲ့သည်။ သူ ရိုက်ကူးခဲ့သော နာမည်ကြီး ကားများမှာ Angels with Dirty Faces (၁၉၃၈)၊ The Sea Wolf (ဂျက်လန်ဒန် ၏ 'ပင်လယ်ဝံပုလွေ'ကို မှီငြမ်း) နှင့် ကာဆာဘလန်ကာ Casabalanca တို့ဖြစ်ပြီး ကာဆာဘလန်ကာကို သူ့ အကောင်းဆုံးရုပ်ရှင်ဟု ရုပ်ရှင်သုတေသီများက သတ်မှတ်ထားသည်။ (ဤစာအုပ်တွင် နံပါတ်စဉ် ၁၉ တွင် ပါရှိသည်)

ဝါနာဘရားသားကုမ္ပဏီမှ ထုတ်လုပ်သော ရော်ဘင်ဟု ရုပ်ရှင်ကားက ဆေးရောင်စုံ ဖြစ်သည်။

ဇာတ်လမ်းက အင်္ဂလန်ဘုရင်သည် ၁၁၉၁ ခုနှစ်တွင် ဩစတြီးယားမြို့စား လီယိုပို –၅ ၏ ဖမ်းဆီးမှုကို ခံခဲ့ရသည်။ ဘုရင်သည် မြင့်မြတ်သောအရပ်ဒေသမှ အပြန်တွင် ဖမ်းဆီးခံရခြင်း ဖြစ်သည်။ ဤသို့ဖြင့် သစ္စာဖောက်

mgyoe.com

mgyoe.com SAMPLE BOOK

ညီဖြစ်သူ မင်းသားက ထီးနန်းသိမ်းပိုက်လိုက်သည်။

ခရစ် ၅ ရာစု၊ ၆ ရာစုမှ စ၍ ဗြိတိန်သို့ ပြောင်းရွှေ့နေထိုင်သော ဆက်ဇွန်လူမျိုး ဆွေကြီးမျိုးကြီး ဆာရော်ဘင်ဝေါလော့ခ်စလေက ဘုရင်သစ်ကို ဆန့်ကျင်သူ ဖြစ်သည်။ ရော်ဘင်က မိမိကို သစ္စာခံမည့် နောက်လိုက်တစ်ယောက် အဖြစ် ဆာဘွဲ့ရ ဂစ်ဘွန်၏လက်ထဲရောက်နေသူ မီလာ၏သား မုချ်ကို သွားရောက် ကယ်တင်ခဲ့ရာ ဘုရင်သစ် ဂျွန်၊ သူ့နောက်လိုက်များနှင့် စက်ဆုပ်ဖွယ် ကောင်းသော လေဒီမာရီယန် ဖစ်ဝေါလ်တာတို့အား မိမိအင်အားကို အစွမ်းကုန် အသုံးပြုပြီး ရစ်ချတ်ဘုရင်အား နန်းပြန်တင်မည်ဟု ကြုံးဝါးခဲ့သည်။

ရော်ဘင်၊ မုချ်နှင့် သူငယ်ချင်း ဝီလ်စကားလက်တို့ ရှားဝုဒ်တောထဲ ခိုပုန်းကြပြီး ပုန်ကန်မှုများ ပြုလုပ်ခဲ့ကြသည်။ သူတို့တွင် နောက်လိုက် များသည်ထက် များလာပြီး အင်္ဂလန်လွတ်လပ်ရေး တိုက်ပွဲဝင်ရန်၊ ချမ်းသာသူများထံမှ ဥစ္စာများ လုယူပြီး ဆင်းရဲသားများ ဝေငှရန် သစ္စာဆိုခဲ့ကြပြီး ရော်ဘင်



mgyoe.com SAMPLE BOOK

နှင့် နောက်လိုက်များသည် မင်းသား ဂျွန်ကို တော်လှန်ခဲ့ကြသည်။

ရော်ဘင်ဟုတို့အဖွဲ့သည် နော်မန်လူမျိုးတို့၏ မတရားမှုများ လုပ်ဆောင်ခဲ့မှုများကို နည်းလမ်းပေါင်းစုံဖြင့် ဖော်ထုတ်နိုင်ခဲ့သည်။ ဆက်ဇွန်လူမျိုးများထံမှ မတရား ယူထားသော ဥစ္စာများကို သယ်ယူနေသည့်အဖွဲ့ကို ဖမ်းဆီးမိခဲ့သည်။ ဂစ္စဘွန်းမှ ဆာဘွဲ့ရ ဂိုင်း၊ သတ္တိကြောင် နော်တင်ဂမ်မှ ရဲမှူးနှင့် လေဒီမာရီယန်တို့လည်း ပါဝင်သည်။ လေဒီမာရီယန်က ရော်ဘင်ဟု၏ အများကောင်းကျိုး ဆောင်ရွက်မှုများကို သဘောပေါက်လာသည်။ ဆာဂိုင်းနှင့် ရဲမှူးတို့ကို ဖမ်းမထားဘဲ လွှတ်ပေးလိုက်သည်။

ရဲမှူးက ရော်ဘင် ဖမ်းဆီးနိုင်ရေးကို ကြိုးပမ်းခဲ့သည့်အနေဖြင့် မြားပစ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ လေဒီမာရီယန်ကိုယ်တိုင် အနိုင်ရသူကို ရွှေမြားပေးမည်ဟု ကြော်ငြာလိုက်သည်။ ပြိုင်ပွဲတွင် ရော်ဘင်ဟု အနိုင်ရသည်။ ဆုလည်း လက်ခံရသည်။ ထိုနည်းတူ အဖမ်းခံရပြီး ကြိုးမိန့်ပေးခံရသည်။

လေဒီမာရီယန်က ရော်ဘင်ဟု လူမျိုးကို ကယ်ဆယ်ရန် စီစဉ်ပေးခဲ့သည်။ ရော်ဘင်နှင့် မာရီယန် ချစ်ကြိုက်သွားခဲ့ကြသည်။ သို့သော် ရော်ဘင်ဟုနှင့်အတူ ရှားဝုဒ်တောသို့ လိုက်ရန် ငြင်းပယ်ခဲ့သည်။ မြို့မှာနေပြီး ရော်ဘင်ဟုအတွက် သူလျှိုအဖြစ် နေထိုင်ခဲ့သည်။

ဘုရင်ရစ်ချတ်နှင့် လူယုံများသည် ဘုန်းကြီးအသွင်ဆောင်ပြီး ပြန်လာကြသည်။ ရှားဝုဒ်တောအုပ်တွင် ရော်ဘင်ဟုတို့ တွေ့ဆုံကြသည်။ ရစ်ချတ်ဘုရင်က သူ့လာရင်းကိစ္စ ပြောမပြပေ။

ရော်ဘင်ဟုသည် ရစ်ချတ်ဘုရင် အင်္ဂလန် ပြန်ရောက်ကြောင်းကို အထောက်တော် မာရီယန်၏ ပြောပြချက်အရ သိခဲ့သည်။ သို့ဖြင့် ရဲတိုက်သို့ တိတ်တဆိတ် ဝင်ရောက်သွားသည်။ ရစ်ချတ်ဘုရင်က ဘုန်းကြီးဝတ်စုံများကို ဖယ်ရှားပြီး ဘုရင်ဖြစ်ကြောင်း ပြောကြားတာ တွေ့ရသည်။ ရော်ဘင်ဟုနှင့် ဆာဂိုင်းတို့ နှစ်ဦးသား ရင်ဆိုင်တိုက်ခိုက်ကြသည်။ ဆာဂိုင်း သေဆုံးသွားသည်။ မင်းသား ဂျွန်၏လူများ တိုက်ပွဲရှုံးနိမ့်သဖြင့် လက်နက်ချကြသည်။ အကျဉ်းကျနေသော မာရီယန် ပြန်လွတ်လာသည်။

ဘုရင်က ရော်ဘင်ဟုကို လေဒီမာရီယန်နှင့် လက်ထပ်ပေးသလို နယ်မြေနှစ်ခုလည်း အပိုင်စားပေးပြီး သူကောင်းပြုသည်။ ရော်ဘင်က မာရီယန်၏

mgyoe.com

mgyoe.com SAMPLE BOOK

လက်ကို ဆုပ်ကိုင်ပြီး 'အရှင်မင်းကြီးအတွက် အမှုတော်ထမ်းမည်'ဟု ပြောကြားလိုက်သည်။

| | |
|---|---|
| သရုပ်ဆောင်များ | အယ်ရိုဖလင်း၊ အိုလီဗီယာ ဒီဟာဗီလန်း၊ ဘာဇီလ် ရက်ဘုန်း၊ ကလော့ရိန်း၊ အေလန်ဟေး၊ ယူဂျင်းပါလက်၊ ပက်ထရစ်နိုးလ်၊ အီယန်ဟန်တား။ |
| ဒါရိုက်တာ | မိုက်ကယ်ကားတစ်၊ ဝီလျှမ်ကိုင်လေ။ |
| ထုတ်လုပ်သူ | ဟားလ်ဆီဝါးလေ့စ်။ |
| ဇာတ်ညွှန်း | ဆီတန် အိုင် မီလာ၊ နော်မန်ရိုင်လေရိန်းနီ။ |
| ဓာတ်ပုံ | တိုနီဂေါဒီယို၊ ဆိုးလ်ပိုတီလို၊ ဟိုးဝပ်ဂရင်း။ |
| တေးဂီတ | အီရစ်ဝုဖ်ဂန်ကေားန်ဂိုးလ်။ |
| အော်စကာဆု | အကောင်းဆုံး အနုပညာညွှန်ကြားမှု၊ အကောင်းဆုံး မူလတေးသွား၊ အကောင်းဆုံး တည်းဖြတ်မှု။ |
| ပြသချိန် | ၁၀၆ မိနစ်၊ ဆေးရောင်စုံ။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 2. The African Queen (1951)



စာရေးဆရာ စီ အက်စ် ဖော်ရက်စတာ (C. S. Forester) ၏ 'အာဖရိကန် ဘုရင်မ' (The African Queen) ကို မှီငြမ်းရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာမှာ နာမည်ကြီးဒါရိုက်တာ ဂျွန်ဟူစတန် ဖြစ်သည်။ ဇာတ်လမ်းအမျိုးအစားမှာ အက်ရှင်ဖြစ်သည်။

ဆမ်မြူယယ်ဆေယာနှင့် နှမဖြစ်သူ ရို့စ်တို့ နှစ်ဦးသည် ဗြိတိသျှ မက်သဒစ်ကျောင်းတော်မှ သာသနာပြုတွေဖြစ်ကြပြီး ဂျာမန်လက်အောက် ကျရောက်နေသည့် တစ္ဆေအာဖရိက ကွန်ဒူကျေးရွာ၌ ရောက်နေသည်။ သူတို့ အတွက် စားနပ်ရိက္ခာများနှင့် စာများကို အာဖရိကဘုရင်မအမည်ရှိ မီးသင်္ဘော က တင်ပို့ပေးနေသည်။ သင်္ဘောမောင်းသူက ကနေဒါနိုင်ငံသား စက်ပြင် ဆရာ ချာလီအောလ်နတ် ဖြစ်သည်။

ဗြိတိန်နှင့် ဂျာမန် စစ်ဖြစ်နေချိန်တွင် ချာလီက ဆေယာတို့ကို တခြား မပြောင်းဘဲ ကွန်ဒူမှာပဲနေဖို့ ပြောကြားသည်။ မြစ်ကြောင်းတွင် ဂျာမန်တို့၏ စစ်သင်္ဘော ရှိနေသည်။ ဆေယာ၏နှမဖြစ်သူ ရို့စ်က သူတို့ မီးသင်္ဘောကို တော်ပီဒိုတပ်ဆင်သော ဖျက်သင်္ဘောအဖြစ် ပြောင်းပြီး ဂျာမန်စစ်သင်္ဘောကို မြှုပ်ဖို့ ကြံစည်ထားကြောင်း ပြောသည်။

ရို့စ်က မြစ်ကြောင်းထဲကို လှေလာကြသည်။ ချာလီနှင့် ရို့စ်တို့ ချစ်သူ

mgyoe.com



တွေဖြစ်သွားကြပြီး ဂျာမန်စစ်သင်္ဘောကို မိမိတို့မီးသင်္ဘောက အောင်မြင်စွာ နစ်မြုပ်စေခဲ့သည်။

ယင်းရုပ်ရှင်ကားကို ကလင့်အီစဝုဒ်က White Hunter Black Heart အမည်ဖြင့် ၁၉၉၀ ပြည့်နှစ်က ပြန်လည်ရိုက်ကူးခဲ့သည်။

| | |
|---|---|
| သရုပ်ဆောင်များ | ဟမ်းဖရေးဘိုဂတ်၊ ကက်သရင်းဟတ်ဘန်း၊ ရောဘတ်မော်လေ၊ ပီတာဘူးလ်၊ ထေယိုဒိုဘီကယ်။ |
| ဒါရိုက်တာ | ဂျွန်ဟူစတန်။ |
| ထုတ်လုပ်သူ | ဆမ်စပီဂဲ။ |
| ဇာတ်ညွှန်း | ဂျိမ်းစ် အဂ္ဂနီးနှင့် ဂျွန်ဟူစတန်။ |
| ဇာတ်ပုံ | ဂျက်ကာဒစ်။ |
| တေးဂီတ | အော်လန်ဂရေး။ |
| အော်စကာဆု | အကောင်းဆုံး သရုပ်ဆောင် (ဟမ်းဖရေးဘိုဂတ်)။ |
| ပြသချိန် | ၁၀၃ မိနစ်၊ ဆေးရောင်စုံ။ |

mgyoe.com

mgyoe.com SAMPLE BOOK

# 3. All About Eve (1950)



စာရေးဆရာမ မေရီအော်ရ် (Mary Orr) ရေးသားသော The Wisdom of Eve ဝတ္ထုတိုကို အခြေခံ ရိုက်ထားသော ရုပ်ရှင်ဖြစ်သည်။ ယင်းဝတ္ထုတိုသည် ရေဒီယိုဇာတ်လမ်းအဖြစ်လည်း တင်ဆက်ဖူးသည်။ ရုပ်ရှင်အဖြစ် ရိုက်ကူးရန် ရုပ်ရှင်ဒါရိုက်တာ ဂျိုးဇက် အယ်လ် မင်ကီဝစ်ဇ် (Joseph L. Mankeiwiez) က ကြိုးပမ်းခဲ့ရာ ရုပ်ရှင်ကုမ္ပဏီတချို့က ငြင်းပယ်ခဲ့သဖြင့် လေးနှစ်နီးပါး ကြာခဲ့သည်။ ရုပ်ရှင်အဖြစ် ရိုက်ကူးပြီးသည့်အခါတွင် ပရိသတ်များနှစ်သက်သည့် ရုပ်ရှင်ကားတစ်ကား ဖြစ်ခဲ့သည်။ အော်စကာဆုများလည်း ရရှိခဲ့သည်။

ရုပ်ရှင်ဇာတ်ကားအဖွင့်မှာ လုပသော မင်းသမီး အိဗ်ဟယ်ရင်တန် (အန်းဘက်စတာ) ကျေးဇူးစကား ပြောကြားနေပုံ၊ ပရိသတ်က သောင်းသောင်းဖြဖြ ကြိုဆိုပုံများကို ပြသည်။ ဒီနောက် ပြဇာတ်ဝေဖန်ရေးဆရာ အက်ဒီဆင် ဒီဗစ် (ဂျော့ချ်ဆန်းဒါး)က အိဗ် အောင်မြင်ရခြင်းအကြောင်းကို နောက်ကြောင်းပြန်ပြောပြသည်။

အသက် ၄၀ အရွယ်ရှိ ဘရော့ဒ်ဝေး ပြဇာတ်မင်းသမီး မာဂိုချန်နင်း

mgyoe.com



(ဘက်တီဒေးဗစ်) က အိဗ်ကို ချစ်ခင်နှစ်သက်ပြီး အတူနေဖို့ ခေါ်ထားခဲ့သည်။ မာကိုချန်းနင်း၏ ယုံကြည်သက်ဝင်မှု ရစေရန် အိဗ်သည် အမှန်တစ်ဝက်၊ မုသားတစ်ဝက် ပြောကြားခဲ့သည်။ မာကိုချန်းနင်း၏ချစ်သူ ဘီလ်ဆမ်ဆွန် (ဂယ်ရီလ်မာရီးလ်)ကိုလည်း ဖြားယောင်းသွေးဆောင်မှုတွေ ပြုလုပ်ခဲ့သည်။ ဝေဖန်ရေးသမား အက်ဒီဆင်ဒီဝစ်ကိုလည်း အိဗ်က လက်မလွှတ်ပေ။

မာဂိုက Aged in Woodပြဇာတ်တွင် အကြောင်းကြောင်းကြောင့် မပါဝင်နိုင်တော့သဖြင့် သူ့နေရာတွင် အိဗ်က ပါဝင်သရုပ်ဆောင်ခွင့် ရပြီး ဝေဖန်ရေးဆရာ အက်ဒီဆင်ဒီဝစ်က ချီးကျူးခဲ့သည်။ ဘရော့ဒ်ဝေးပြဇာတ်တွင် အောင်မြင်ခဲ့သော အိဗ်သည် ဟောလီဝုဒ်သို့ရောက်ရှိပြီး အောင်မြင်မှုတွေ ရရှိသွားသည်။

ဤရုပ်ရှင်ကားတွင် ကိုပါကာဘာနာ ပြဇာတ်သရုပ်ဆောင်ဌာန ကျောင်းသူအဖြစ် မာရီလင်မွန်ရိုး (Marilyn Monroe) ဖျတ်ခနဲ ပါဝင်သရုပ်ဆောင်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| သရုပ်ဆောင်များ | ဘက်တီဒေးဗစ်၊ ဂျော့ချ်ဆန်းဒါး၊ အန်းဘက်စတာ၊ ဆီလက်စတီဟုမ်း၊ သယ်မာရစ်တာ၊ ဂယ်ရီမာရီလီ၊ ဟုချ်မာလို။ |
| ဇာတ်ညွှန်းနှင့် ဒါရိုက်တာ | ဂျိုးဇက် အယ်လ် မန်ကီဝစ်ဇ်။ |
| ထုတ်လုပ်သူ | ဒါရီးလ် အက်ဖ် ဇန်နပ်။ |
| ဓာတ်ပုံ | မီလ်တန်ခရက်စ်နာ။ |
| တေးဂီတ | အယ်လ်ဖရက်နယူးမန်း။ |
| အော်စကာဆု | အကောင်းဆုံး ရုပ်ရှင်၊ အကောင်းဆုံး ဒါရိုက်တာ၊ အကောင်းဆုံး ဇာတ်ညွှန်း၊ အကောင်းဆုံး ဇာတ်ပို့ သရုပ်ဆောင် (ဂျော့ချ်ဆန်းဒါး)၊ အဖြူအမည်း ဝတ်စုံဒီဇိုင်း (အီဒစ်သ်ဟိ၊ ချားလ်လီမာရီ)၊ အကောင်း ဆုံး အသံ (၂၀ ရာစု ဖောက်စ် အသံသွင်းဌာန)။ |
| ပြသချိန် | ၁၃၀ မိနစ်၊ အဖြူအမည်းရုပ်ရှင်။ |

mgyoe.com

mgyoe.com SAMPLE BOOK

# 4. All Quiet On The Western Front (1930)

စာရေးဆရာ အီးရစ် မာရီယာ ရီမာကေး (Erich Maria Remarque) ၏ နာမည်ကျော် 'အနောက်ဘက်စစ်မျက်နှာတွင် အားလုံး ငြိမ်သက်နေကြသည်'အမည်ရှိ ဝတ္ထုကို အခြေခံထားသော စစ်ဆန့်ကျင်ရေးရုပ်ရှင် ဖြစ်သည်။

၁၉၁၆ ပြင်သစ် ရှေ့တန်းတစ်နေရာတွင် ပြင်သစ်နှင့် ဂျာမန်စစ်သားများသည် စစ်ပွဲ၏အနိဋ္ဌာရုံများနှင့် ရင်ဆိုင်နေကြရပုံကို တင်ပြထားသော ရုပ်ရှင် ဖြစ်သည်။ [ရုပ်ရှင်ဒါရိုက်တာ လူးဝစ္စ မိုင်းလ်စတုန်း (Lewis Milestone) သည် ဤရုပ်ရှင်ကို အသံတိတ်ရုပ်ရှင်အဖြစ် ရိုက်ကူးရန် စီစဉ်ထားခဲ့သည်။ သို့သော် နောက်ပိုင်းတွင် အသံထွက်ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ရိုက်ချက်များနှင့် တည်းဖြတ်မှုများသည် အသံတိတ်ရုပ်ရှင်များအတိုင်း ဖြစ်သည်ကို တွေ့ရသည်။] Sadoul (1972, P 7)

ဂျာမန် စစ်သားလေးများသည် စစ်ပွဲအတွေ့အကြုံ ဘာမှမရှိကြ။ သူတို့တစ်တွေ ကျောင်းစာသင်ခန်းမှ ထွက်လာကြသူတွေ ဖြစ်ကြသည်။ သူတို့က မျိုးချစ်စိတ် ရှိသူတွေ၊ လူ့ဘဝကို အကောင်းမြင်ကြသူတွေ ဖြစ်ကြသည်။ သူတို့ခေါင်းထဲမှာ ရိုက်သွင်းထားခံရသည်က အဖနိုင်ငံတော်ကို အသက်ပေး ကာကွယ်ကြဖို့ ဖြစ်သည်။ သို့သော် ရှေ့တန်းစစ်မျက်နှာပြင်သို့ ရောက်သွားကြသည့်အခါ စစ်ပွဲ၏အနိဋ္ဌာရုံတွေ မျက်ဝါးထင်ထင် တွေ့မြင်သွားကြသည်။ စိတ်ကူးယဉ်ထားသမျှ ကွယ်ပျောက်သွားသည်။

ရှေ့တန်းစစ်မျက်နှာတွင် အစားအစာ ပြတ်လပ်နေသည်။ ဇာတ်ကောင် ပေါလ်သည် စစ်အနိဋ္ဌာရုံများ တွေ့မြင်ရသည်။ စစ်ပွဲအနိဋ္ဌာရုံတွေ မြင်ရပြီး ရှေ့တန်းမှနေ၍ နေရပ်ပြန်သွားသဖြင့် သူရဲဘောကြောင်သူဟု စွပ်စွဲခံရသဖြင့်

mgyoe.com


SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

စိတ်နာကြည်းပြီး ရှေ့တန်း ပြန်လာခဲ့သည်။ ရှေ့တန်းရောက်သောအခါ တပ်သားသစ်တွေ စိတ်ဓာတ်ပျက်နေတာ မြင်ရသည်။

နောက်ဆုံးပြကွက်မှာ ရှေ့တန်းစစ်မျက်နှာပြင် ပြန်ရောက်နေသည့် ပေါလ်။ ကတုတ်ကျင်းအနီးတွင် လိပ်ပြာတစ်ကောင် ပျံနေတာ မြင်ရသည်။ သူ ပြုံးလိုက်သည်။ လိပ်ပြာကိုဖမ်းဖို့ ကြိုးစားလိုက်သည်။ လိပ်ပြာကို ဖမ်းမိချိန်မှာပဲ ရန်သူ လက်ဖြောင့်သေနတ်သမား၏ကျည်ဆန် ထိမှန်သွားသည်။

ဒါရိုက်တာ လူးဝစ္စမိုင်းလ်စတုန်းသည် စစ်မျက်နှာပြင်၏ သရုပ်သကန်ကို ပီပီပြင်ပြင် ဖော်ကျူးရန် ကြီးမားသောကရိန်းဖြင့် ရိုက်ကူးခဲ့သည်။ ဤရိုက်ချက်မျိုးကို ဒါရိုက်တာ စတန်လေကူဘရစ် (Stanley Kubrick) က Paths of Glory (၁၉၅၇) တွင် ရိုက်ကူးခဲ့သည်။

စစ်ဆန့်ကျင်ရေးဇာတ်ကားဖြစ်သော 'အနောက်ဘက် စစ်မျက်နှာတွင် အားလုံး ငြိမ်သက်နေသည်'ကို နာဇီ ဂျာမနီတို့က ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့သည်။ အကြောင်းကတော့ ၁၉၃၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံတွင် နာဇီဂျာမနီတို့က အင်အားရလုနီး ဖြစ်နေခြင်းကြောင့် ဖြစ်သည်။ နာဇီဝါဒ လိုလားသူများက ရုပ်ရှင်ကား ပြသသည့် ရုပ်ရှင်ရုံများရှေ့တွင် ဆန္ဒပြပွဲတွေ ပြုလုပ်ကြသည်။ ဤရုပ်ရှင်ကားသည် မိုင်းလ်စတုန်း၏ အကောင်းဆုံးလက်ရာ ဖြစ်သည်။

| | |
|---|---|
| သရုပ်ဆောင်များ | လျူ အေရက်စ်၊ လူးဝစ္စ ဝေါလ်ဟိုင်း၊ စလင်မ် ဆမ်းမားဗီးလ်၊ ဝျွန်ဝရေး၊ ရေမွန်ဂရစ်ဖစ်သ်။ |
| ဒါရိုက်တာ | လူးဝစ္စမိုင်းလ်စတုန်း။ |
| ထုတ်လုပ်သူ | ကားလ်လေယမ်လီ ဂျူနီယာ။ |
| ဇာတ်ညွှန်း | လူးဝစ္စမိုင်းလ်စတုန်း၊ မက်စ်ဝဲလ်အန်ဒါဆင်၊ ဒဲလ် အင်ဒရူး၊ ဂျော့ချ်အဘော့ထ်။ |
| ဓာတ်ပုံ | အာသာအယ်ဒီဆန်။ |
| တေးဂီတ | ဒေးဗစ်ဘရုတ်မန်း။ |
| အော်စကာဆု | အကောင်းဆုံး ရုပ်ရှင်၊ အကောင်းဆုံး ဒါရိုက်တာ။ |
| ပြသချိန် | ၁၄၀ မိနစ်၊ အဖြူအမည်း။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 5. Apocalypse Now (1979)

'ယခု ကမ္ဘာပျက်ကိန်း' (Apocalypse Now) ရုပ်ရှင်သည် ဖရန့်စစ် ကော်ပိုလာ၏ စတုတ္ထမြောက် ရုပ်ရှင်ကား ဖြစ်သည်။ ဤရုပ်ရှင်သည် ကော် ပိုလာအဖို့ 'ပဥ္စလက် သေလာတောင်' ဖြစ်ပြီး သူ့အတွက် ယင်းတောင်ကို တက်ဖို့ သူရသတ္တိ ပြည့်စုံနေပြီ။ Delorme (2010) P 32.

စာရေးဆရာ ဂျိုးဆက်ကွန်ရက် (Joseph Conrad) ၏ Heart of Darkness ဝတ္ထုကြီးကို အခြေခံ ရိုက်ကူးထားသည့် Apocalypse Now မှာ မူလဝတ္ထုတွင် ၁၉ ရာစုနှောင်းက ကွန်ဂိုစစ်ပွဲအစား ဗီယက်နမ်စစ်ပွဲအဖြစ် ပြောင်းထားသည်။



ဗီယက်နမ်စစ်ပွဲတွင် အမေရိကန် အထူးတပ်ဖွဲ့ အမှတ် ၅ မှ ဗိုလ်မှူးကြီး ဝေါလတာ အီးကာ့တတ်ဇ် (မာလွန်ဘရန်ဒို) သည် ရူးသွပ်လုနီးပါးဖြစ်နေပြီး အထက်အမိန့်များကို မနာခံဘဲ ရှိနေသည်။ သူ့ကို လုပ်ကြံရန်အတွက် စစ်ဗိုလ် ဘင်ဂျမန် အယ်လ်ဝီးလာ့ဒ် (မာတင်ရှင်းန်) နှင့် အဖွဲ့ကို စေလွှတ်လိုက်သည်။ နောက်ဆုံးတွင် မိမိကိုယ်မိမိ ဂေါ့ဒ်တစ်ပိုင်းဟု ယူဆထားသည့် အီးကာ့တ်ဇ်သည် ကိုယ်ရောစိတ်ပါ ဒဏ်ရာများ ရပြီး

mgyoe.com


mgyoe.com SAMPLE BOOK

'အနိဋ္ဌာရုံတွေ၊ အနိဋ္ဌာရုံတွေပါတကား'ဟု အော်ဟစ်ရင်း ကျဆုံးသွားသည်။ ဝီးလာ့ခ်နှင့် တပ်ဖွဲ့များက အီးကာ့တ်ဇ်၏ ရေးသားထားသော စာမူများကို သိမ်းဆည်းပြီး သူ့ရုပ်အလောင်းကို အလေးပြုလိုက်ပြီးနောက် ထွက်ခွာသွားကြသည်။

စစ်ဗိုလ် ဝီးလ်လာ့ဒ်၏ ရှာပုံတော်ခရီးသည် လူတစ်ဦးကို လိုက်လံဖမ်းဆီးခြင်းနှင့်အတူ စစ်ပွဲ၏အနိဋ္ဌာရုံများ၊ မိမိကိုယ်မိမိ ရှာဖွေမှုများ ပါဝင်နေသည်။ ရက်စက်ကြမ်းကြုတ်မှုနှင့် ရှုးသွပ်မှုကို ရှာဖွေခြင်း ဒဿနတစ်ရပ်ဟုလည်း ဆိုနိုင်သည်။

အမေရိကန်တို့၏ ဗီယက်နမ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ကော်ပိုလာ၏အမြင်ကို ဤရုပ်ရှင်ကားတွင် တွေ့ရသည်။

'ဒီမှာ ဘယ်သူက အမိန့်ပေးနေတာလဲ၊ သိလား'ဟု စစ်ဗိုလ် ဝီးလ်လာ့ဒ်



mgyoe.com

mgyoe.com SAMPLE BOOK

က မေးလိုက်သည်။ စစ်သားတွေက ဘာမှ ပြန်မဖြေ။ ထို့နောက် ဝီးလ်လာ့ဒ်က 'ဘယ်သူကမှ အမိန့်ပေးနေတာ မဟုတ်ဘူး။ တို့တပ်က ခေါင်းပြတ်နေပြီ။ အမေရိကန်က ဘာမှ မချုပ်ကိုင်ထားနိုင်တော့ဘူး'ဟု ပြောကြားလိုက်သည်။

ဗီယက်နမ်တွင် ရှိနေသော အမေရိကန် စစ်ဗိုလ်တွေသည် အာဏာရှင်တွေ ဖြစ်နေကြသည်။ သူတို့ထဲတွင် ကာ့တ်ဇ်က အဆိုးရွားဆုံး၊ လူမဆန်ဆုံးဖြစ်သည်။ သူ့ကိုယ်သူ နတ်တစ်ပါးအဖြစ် ယူဆထားနေသည်။ ဆိုင်ဂုံမြို့ရှိ စစ်ဌာနချုပ်မှ အရာရှိတွေသည် မိမိနေအိမ်မှာလို စားကြသောက်ကြ၊ ပျော်ပါးနေကြသည်။ သူတို့တစ်တွေ စစ်သားတွေနှင့်မတူ၊ အရပ်သားတွေလို ဖြစ်နေကြသည်။ ပကတိ စစ်မြေပြင် တောနက်နှင့် လုံးဝ မတူတော့ပေ။ သူတို့တစ်တွေသည် ဗီယက်နမ်စစ်မြေပြင်မှာ လက်တွေ့ စစ်ဆင်နွှဲနေရသူများနှင့် ဘဝချင်း ကွာခြားနေကြသည်။

ဤရုပ်ရှင်ကားကို ဖိလစ်ပိုင်နိုင်ငံတွင် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ကော်ပိုလာက တောနက်ထဲတွင် ပျောက်ဆုံးခဲ့ရသည့်အဖြစ်နှင့်တူကြောင်း၊ ရုပ်ရှင်ရိုက်ကူးရာတွင် ပြဿနာပေါင်းစုံနှင့် တွေ့ကြုံရသဖြင့် ကျဆုံးတော့မည်ဟု ထင်ကြောင်း ပြောပြခဲ့သည်။ Cowie (2013) P 112.

မူလက ဤရုပ်ရှင်ကို ကော်ပိုလာက ထုတ်လုပ်သူ၊ ဒါရိုက်တာက ဂျော့ချ်လူးကပ်စ် (George Lucas) အဖြစ် ရိုက်ကူးရန် ဖြစ်သော်လည်း ဂျော့ချ်လူးကပ်စ်က မရိုက်ကူးသဖြင့် ကော်ပိုလာက ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ ကော်ပိုလာသည် Apocalypse Now ရုပ်ရှင်ကားကို ရိုက်ကူးရာတွင် ဂျာမန် ရုပ်ရှင်ဒါရိုက်တာ ဝါနာဟာဇော့ (Werner Herzog) ၏ Aguirre, the Wrath of God (1972) ရုပ်ရှင်ကား၏သြဇာများ လွှမ်းမိုးခံခဲ့ရသည်။

ဗီယက်နမ်စစ်ပွဲနှင့် ပတ်သက်ပြီး ရိုက်ကူးခဲ့သော ရုပ်ရှင်ကားတွေ များစွာရှိသည့်အနက် ကော်ပိုလာ၏ Apocalypse Now သည် အကောင်းဆုံး ရုပ်ရှင်ကား ဖြစ်သည်။

| | |
|---|---|
| သရုပ်ဆောင်များ | မာတင်ရှင်းန်၊ ရောဘတ်ဒူဗဲလ်၊ မာလွန်ဘရန်ဒို၊ ဖက်ဒရစ်ဖော်ရက်၊ ဒဲနစ်ဟူးပါး၊ ဆမ်ဘော့တွမ်။ |
| ဒါရိုက်တာ၊ ထုတ်လုပ်သူ | ဖရန်ဆစ်ကော်ပိုလာ။ |

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ဓာတ်ညွှန်း | ကော်ပိုလာနှင့် ဂျွန်မီးလူးယပ်စ်။ |
| ဓာတ်ပုံ | ဗစ်တိုရီယို စတိုရာဂို။ |
| အော်စကာဆု | အကောင်းဆုံးဓာတ်ပုံ၊ အကောင်းဆုံးအသံ (ဝေါလ်တာ မုရ်ချ်၊ မာ့ဘာဂျာ၊ ရစ်ချတ်ဘက်ဂ်၊ နက်ဘက်ဇာ)။ |
| ပြသချိန် | ၁၅၃ မိနစ်၊ ဆေးရောင်စုံ။ |

Apocalypse Now ရုပ်ရှင်သည် ပြင်သစ်နိုင်ငံ ကန်းစ်ရုပ်ရှင်ပွဲတော်တွင် Palme d'or ရွှေအုန်းပင်ဆု ဆွတ်ခူးခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## 6. Bad Day at Black Rock (1955)

'ဘလက်ရော့ခ်အတွက် ကံဆိုးသောနေ့' ရုပ်ရှင်ကားမှာ သည်းထိတ်ရင်ဖို အမျိုးအစားထဲမှာ ပါဝင်သလို ကောင်းဘွိုင် အမျိုးအစားထဲမှာလည်း ပါဝင်နေသည့်ရုပ်ရှင် ဖြစ်သည်။

၁၉၄၅ ခုနှစ် နှောင်းပိုင်း ရက်တစ်ရက်တွင် လက်တစ်ဖက်ပြတ်နေသူ ဂျွန် ဂျေ မက်ခရီးဒီ (စပင်ဆာ ထရေစီ) သည် ဘလက်ရော့ခ်မြို့သို့ ဆိုက်ရောက်လာသော ရထားပေါ်မှ ဆင်းလာသည်။ သူက ကိုမိုကိုအမည်ရှိ လူကို ရှာနေကြောင်း ပြောသည်။ ဟက်တာဒေးဗစ် (လီးမာဗင်) က သူ့ကို ခြိမ်းခြောက်သည်။ နောက်ပိုင်းတွင် ရီနိုစမစ်သ် (ရောဘတ်ရိုင်ယန်) က မက်ခရီးဒီကို ဂျပန်–အမေရိကန်ကပြား မိုကိုဒီသည် ဒုတိယကမ္ဘာစစ်တွင် ထိန်းသိမ်းခံရကြောင်း ပြောသည်။

မက်ခရီးဒီအား အရက်သမား ရဲမှူးက ဘာမှအကူအညီမျှ မပေး။ မက်ခရီးဒီက ပျောက်ဆုံးသော ကိုမိုကိုအား ရှာဖွေနေရခြင်းမှာ သေဆုံးသူ၏သားကို ရှာပြီး အဖေ့အတွက် ဂုဏ်ပြုဆုပေးရန် ဖြစ်သည်။ တကယ်တမ်းကျတော့ ကို မိုကို၏သားကို အန္တရာယ်ပေးနေသူက စမစ်သ် ဖြစ်သည်။ နောက်ဆုံး စမစ်သ်နှင့် မက်ခရီးဒီတို့ သူသေကိုယ်သေ တိုက်ခိုက်ကြသည်။ ရုပ်ရှင်ကားတွင် ပါဝင်သော သရုပ်ဆောင်များမှာ နာမည်ကျော်များဖြစ်ပြီး သရုပ်ဆောင်များမှာ စကားကို အပိုအလိုမရှိ ကွက်တိပြောကြသည်။ ဇာတ်ညွှန်းနှင့် ဒါရိုက်တာတို့၏ ညွှန်ကြားချက်များမှနေ၍ သွေဖည်ခြင်းမရှိ။ ပရိသတ်များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကို တွေ့ကြုံရတော့မည်ဟု ထင်ထားသည့်အတိုင်း သွေးထွက်သံယို မြင်ကွင်းများကို မြင်တွေ့ရသည်။ ဇာတ်ပို့သရုပ်ဆောင် ရော

mgyoe.com




mgyoe.com SAMPLE BOOK

ဘတ်ရိုင်ယန်၏ သရုပ်ဆောင်မှုများ အထူးကောင်းမွန်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက် အမေရိကန်–ဂျပန် ဆက်ဆံရေး တင်းမာနေပုံကို ရုပ်ရှင်ထဲတွင် ထည့်သွင်းထားသည်မှာ ထူးခြားသည်။ ယဉ်ကျေးမှုရေး၊ သမိုင်းအမြင်နှင့် ရသပိုင်းဆိုင်ရာ ထူးခြားသော ရုပ်ရှင်အဖြစ် သတ်မှတ်ခံရသောရုပ်ရှင် ဖြစ်သည်။

| | |
|---|---|
| သရုပ်ဆောင်များ | စပင်ဆာထရေစီ၊ ရောဘတ်ရိုင်ယန်၊ ဒင်းဂျက်ဂါ၊ အားနက်စ် ဘောဂျင်း၊ ဝေါလ်တာဘရင်နန်၊ လီးမာဗင်၊ အန်နီဖရန်းဆစ်။ |
| ဒါရိုက်တာ | ဂျွန်စတူးဝပ်။ |
| ထုတ်လုပ်သူ | ဒိုရီရှာချရီ။ |
| ဇာတ်ညွှန်း | ဒွန်မက်ဂိုင်းရားနှင့် မီးလာ့ဒ်ကော့ဖ်မန်း။ |
| ဇာတ်ပုံ | ဝီလျမ် စီ မေလော်။ |
| တေးဂီတ | အွန်ဒရေး ပရေဗင်။ |
| ပြသချိန် | ၈၁ မိနစ်၊ ဆေးရောင်စုံ။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 7. Bambi (1942)




လှပသော သမင်ပေါက်လေး ဘမ်ဘီနှင့် သူ့မိခင် သမင်မကြီးတို့ မီးအန္တရာယ်နှင့် ဆောင်းအန္တရာယ်တို့ကို ရင်ဆိုင်ရပုံကို ရိုက်ကူးထားသည်။ သမင်ပေါက်လေး ဘမ်ဘီသည် ယုန်လေး၊ ဇီးကွက်များနှင့် ချစ်ခင်ရင်းနှီးခဲ့သည်။ သူ့ဖခင်သမင်ကြီးကဲ့သို့ တစ်နေ့လျှင် တောဓ၏ အရှင်သခင် ဖြစ်လာမည်ဟု ယူဆထားခဲ့သည်။ ဤကာတွန်းဇာတ်လမ်းဘမ်ဘီ၏ အဓိကဇာတ်ကောင်များမှာ သမင်ပေါက်လေး ဘမ်ဘီ၊ ပန်းနုရောင်နှာခေါင်းနှင့် ယုန်လေး ဆမ်ပါ၊ ဘမ်ဘီ၏ငယ်သူငယ်ချင်း၊ နောင်တွင် ကြင်ဖော်ကြင်ဖက်ဖြစ်လာမည့် သမင်မလေး ဖာလိုင်းတို့ ပါဝင်ကြသည်။

ဘမ်ဘီ၏မိခင်ဖြစ်သူ သေဆုံးသော ပြကွက်သည် ရုပ်ရှင်ကြည့်ပရိသတ်ကလေးငယ်များ စိတ်ထိခိုက်စေသည့်ပြကွက် ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းခုနစ်ဆယ်ကျော်က ကလေး၊ လူကြီးများ အားလုံးလို ဘမ်ဘီ၏မိခင် ကျဆုံးရခြင်းအတွက် ကြေကွဲခဲ့ရသည်။ (၁၉၈၂ ခုနှစ်က ဒါရိုက်တာ စတီဗင် စပီးလ်ဘာ့ဂ် (Steven Speilgerg) ရိုက်ကူးသည့် E.T. - The Extra-Terrestrial တွင် တခြားကမ္ဘာမှ ဂြိုဟ်သား ET သည် ကမ္ဘာမြေပြင်ကို နှုတ်ဆက်ပြီး တခြားဂြိုဟ် ပြန်သွားပုံကိုကြည့်ပြီး ရုပ်ရှင်ကြည့်ပရိသတ် ကလေး၊ လူကြီးတို့ စိတ်ထိခိုက်ရပုံမျိုး ဖြစ်သည်)

mgyoe.com

mgyoe.com SAMPLE BOOK



ဝေါ့ဒစ္စနေ Walt Disney က ထုတ်လုပ်ပြီး ဒါရိုက်တာ ဒေးဗစ်ဟင်း (David Hand) ရိုက်ကူးသည့် ဘမ်ဘီကာတွန်းဇာတ်လမ်းမှာ ၁၉၂၃ ခုနှစ်က ဩစတြီးယား စာရေးဆရာ ဖီးလစ်ဆာလ်တန် (Felix Salten) ရေးသားသည့် Bambi, A life In The Woods ကို အခြေခံပြီး ရိုက်ကူးထားခြင်း ဖြစ်သည်။ ဤကာတွန်းဇာတ်လမ်းမှာ ဝေါ့ဒစ္စနေ၏ ပဥ္စမမြောက် ကာတွန်းရုပ်ရှင် ဖြစ်သည်။

| | |
|---|---|
| ကြီးကြပ်ရိုက်ကူးသူ | ဒါရိုက်တာ ဒေးဗစ်ဟင်း။ |
| ကလေးဒါရိုက်တာ | ပါစီ ပီယာ့စ်။ |
| တေးဂီတ | ဖရင့်ချာချီ၊ အက်ဒဝပ်ဖလန့်ဘ်။ |
| ပြသချိန် | ၇၀ မိနစ်၊ ဆေးရောင်စုံ။ |

mgyoe.com

mgyoe.com SAMPLE BOOK

# 8. The Bank Dick (1940)

၁၉၅၉ ခုနှစ် ပူလစ်ဇာဆုရရှိခဲ့သော အမေရိကန် စာရေးဆရာ ရောဘတ်လူးဝစ္စတေလာ (Robert Lewis Taylor) သည် အမေရိကန် ဟာသ သရုပ်ဆောင်လည်း ဖြစ်၊ စာရေးဆရာလည်းဖြစ်သူ ဝီလျမ်ကလော့ဒုကန်ဖီး (William Claude Dukenfield) အကြောင်း အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ် ရေးသားခဲ့သည်။ တေလာက ဒုကန်ဖီးလ် ပါဝင်သရုပ်ဆောင်သည့် The Bank Dick ရုပ်ရှင်ကားသည် အမေရိကန် ဂန္ထဝင်ဟာသကားများထဲတွင် တစ်ကားဟု ရေးသားခဲ့သည်။

အရက်မူးယစ်သောက်စားသော အက်ဂ်ဘာ့တ်ဆူဆီ (ဖီးလ်) သည် ဇနီးနှင့်လည်းကောင်း၊ ယောက္ခမ အမနှင့်လည်းကောင်း အဆင်မပြေ။ သမီးငယ်၏ ပိုက်ဆံကိုလည်း ခိုးသည်။ သမီးငယ်ကို ရိုက်နှက်ရန် ကြိုးစားချိန်တွင် သမီးကြီး ရောက်လာပြီး သူ့ချစ်သူနှင့် မိတ်ဆက်ပေးသည်။

ရုပ်ရှင်ဒါရိုက်တာ ပစ္စမိုကလမ် (ဂျက်နော်တွန်) သူတို့မြို့သို့ ရောက်လာသည်။ ထုတ်လုပ်သူ မက်ကလေဂရင်း (ဒစ်ပါဆယ်) က ဆူဆီကို အလုပ်တစ်ခု ပေးသည်။ ဆူဆီက သူ့သမက်လောင်း အလုပ်လုပ်နေသည့် ဘဏ်ကို ဓားပြတိုက်သူ နှစ်ဦးကို ဖမ်းဆီးပေးနိုင်ခဲ့သဖြင့် ဘဏ်ဥက္ကဋ္ဌက ဆူဆီကို ဘဏ်စုံထောက် တာဝန်ပေးလိုက်သည်။

ဆူဆီက သူ့သမက်လောင်းကို ဘဏ်မှာ ဒေါ်လာငါးရာ ခိုးဖို့ ပြောသည်။ သမက်လောင်းက သဘောတူသည်။ သို့သော် စာရင်းစစ်ရောက်လာပြီး ငွေတွေစစ်သည်။ ဘဏ်မှ ငွေဖြင့် မိုင်းလုပ်ငန်းမှ ရင်းနှီးထားသောကြောင့် ငွေကြေးအမြတ်ရနေရာ စာရင်းစစ်လျှင်လည်း ဘာမှပူရန် မလိုတော့။

mgyoe.com



ထိုအချိန်မှာပင် ဘဏ်ဓားပြက ဘဏ်ကို ဒုတိယအကြိမ် ဝင်စီးသည်။ ရဲတွေ၊ ဆူဆီတို့တစ်တွေ လိုက်ဖမ်းရာ ဘဏ်ဓားပြကို မိသည်။ ဆူဆီ နောက်တစ်ကြိမ် ဆုကြေးရသည်။ ထို့ပြင် ရုပ်ရှင်ထုတ်လုပ်သူက ရုပ်ရှင်ဇာတ်လမ်းအတွက် ဒေါ်လာတစ်သောင်း ဆူဆီကို ပေးသည်။ ဤသို့ဖြင့် ဆူဆီတို့မိသားစု ချမ်းသာသွားကြသည်။

| | |
|---|---|
| သရုပ်ဆောင်များ | ဝီလျမ်ဒုကန်ဖီးလ်၊ ဖရန်ကလင် ပင်လွန်း၊ ရှမ် ဟိုးဝပ်၊ ဂျက်နော်တွန်၊ ဂရာဒီ ဘက်တွန်၊ ကိုရာဝှစ်သာစပွန်း။ |
| ဒါရိုက်တာ | အက်ဒီစီလိုင်း။ |
| ထုတ်လုပ်သူ | ဂျက်ဂရော့စ်။ |
| ဇာတ်ညွှန်း | ဖီးလ် (မဟတ္တမ ကိန်းဂျီးဗ်စ်) |
| ဓာတ်ပုံ | မီလ်တန် ခရာစနာ။ |
| တေးဂီတ | ချားလ်စ် ပရီဗင်။ |
| ပြသချိန် | ၇၄ မိနစ်၊ အဖြူအမည်း။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 9. The Battleship Potemkin (1925)
## Bronenosets Potemkin



ရုရှား ဒါရိုက်တာ အိုက်ဇန်စတိုင်း။ ဂန္ထဝင်ရုပ်ရှင်။ ၁၉၅၈ ခုနှစ်၊ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ရုပ်ရှင်သမိုင်းသုတေသီများက 'ကမ္ဘာ့အကောင်းဆုံး ရုပ်ရှင်ကား'ဟု အကဲဖြတ်ခဲ့ကြသည်။ ဂျူရီအကဲဖြတ် ၁၁၇ ဦး အနက် ၁၀၀ က အမှတ်ပေးခဲ့ကြခြင်း ဖြစ်၏။ ၁၉၄၈ ခုနှစ်ကလည်း အလားတူ ဆန္ဒမဲကောက်ခံခဲ့ရာ ပိုတမ်ကင်သည် နံပါတ်တစ် ဖြစ်သည်။ Sadoul (1975) P 43. ကာလအခွန့် အကျော်ကြားဆုံး ရုပ်ရှင်၊ လှုပ်ရှားနေသော ပန်းချီ၊ ကဗျာသဘော နိမိတ်ပုံများကို ရုပ်ရှင်ကင်မရာဖြင့် ဖန်တီးနိုင်သော သန့်စင်သောအနုပညာ ဖြစ်သည်။ Tyler (1962) P 32-33. တည်းဖြတ်မှုနှင့် ပတ်သက်၍ တည်းဖြတ်သူ လက်စွဲကျမ်းဟု ဆိုလောက်ပေသည်။ Knight (1957) P 80. သပ်ရပ်သော ဖွဲ့စည်းမှု၊ တက်ကြွသော မမေ့နိုင်သော ဖြစ်စဉ်၊ နက်နဲသော နိမိတ်ပုံ၊ ရုပ်ရှင်ရိုက်ချက်သစ်၊ မထင်မှတ်သော ဂျပ်(စ)တာပိုဇေးရှင်းများနှင့် ရုပ်ရှင် ရူပကအလင်္ကာများသည် ကမ္ဘာ့ရုပ်ရှင် သမိုင်းမှတ်တိုင်၌ အထင်ကရ။ Yurenev (Clutures, 1974) P 60. ပိုတမ်ကင်တွင် ပြကွက် ရိုက်ချက်ပေါင်း ၁၃၀၀ ပါရှိသည်။ အပိုင်း ၅ ပိုင်း ပါသည်။ (၁) လောက်တက်ကောင် အမဲသားနှင့် လူ၊ (၂) သင်္ဘောဦးမှ အရေးအခင်း၊ (၃) သေသူ၏ အသနားခံလွှာ၊

mgyoe.com



(၄) အိုဒက်ဆာ လှေကားထစ်များ၊ (၅) ရေတပ်သင်္ဘောအုပ်စုနှင့် တွေ့ဆုံခြင်း။ ယင်းတို့အနက် အိုဒက်ဆာလှေကားထစ် ပြကွက်သည် အထင်ရှားဆုံး၊ အရေးပါဆုံးပြကွက် ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ အိုက်ဇန်စတိုင်းက Pathos and Organic Unity Notes on Film Director, Eisenstein PP 56-62, The Structure of the Film, (1964) PP 162-166 တွင် အသေးစိတ်ရှင်းပြထား၏။ အိုက်ဇန်စတိုင်း၏ တည်းဖြတ်မှုနည်းစနစ်မှာ မောန်တပ်(ချ)တွင် အခြေခံထားသည်။ ရုပ်ရှင်၏ အဓိက ကြန်အင်လက္ခဏာများအဖြစ်လည်း ခံယူထားသည်။ စာပေအယူအဆ ပို့(စ)မော်ဒန်သမားများ လက်ကိုင်ပြုသော ပိုင်းဆစိတ်မြွာခြင်းသဘော fragmentation သည် မောန်တပ်(ချ)သဘောတွင် အခြေခံထားသည်။ ဝေါဟာရအနေဖြင့် fragmentation montage ဟု ရုပ်ရှင်တွင် အသုံးပြုကြသည်။ ဒါရိုက်တာ ဘရိုင်ယန်ဒီပါမား (Brian De Palma) က The Untouchables (1987) တွင် ပိုတမ်ကင်ပါ အိုဒက်ဆာလှေကားထစ်မှ ကလေးစီးလှည်း ပြကွက်ကို ခံစားပြီး ကူးယူရိုက်ထားခဲ့သည်။

mgyoe.com SAMPLE BOOK

| | |
|---|---|
| သရုပ်ဆောင်များ | အေ အန်တိုနေဘ့ဇ်၊ ဗလာဒီမာ ဘာစကီး၊ ဂရီဂိုရီ အလက်ဇန်ဒိုရော့ဗ်၊ အမ် ဂိုမိုရော့ဗ်။ |
| ဇာတ်ညွှန်းနှင့် ဒါရိုက်တာ | ဆာရဂေး အိုင်ဇန်စတိုင်း။ |
| ဇာတ်ပုံ | အက်ဒဝပ်တစ်ဆီ။ |
| ပြသချိန် | ၈၂ မိနစ်၊ အဖြူအမည်း၊ အသံတိတ်။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 10. The Best Years of Our Lives (1946)

'ကျွန်တော်တို့ဘဝ၏ အကောင်းဆုံး နှစ်ကာလများ' ရုပ်ရှင်ကားသည် ဒါရိုက်တာ ဝီလျှမ်ဝိုင်လာ (William Wyler) ၏ အကောင်းဆုံးလက်ရာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက် စစ်သားသုံးယောက် နေရပ်ပြန်လာကြသည်။ စစ်ဗိုလ် ဖရက်ဒယ်ရီက လေတပ်မှ ဖြစ်သည်။ ဟိုမာပါရစ်က သက်လတ်ပိုင်းဖြစ်ပြီး သင်္ဘောနစ်သွားသဖြင့် လက်နှစ်ဖက် ပြတ်သွားသည်။ ကျန်တစ်ယောက်က အယ်စတီဖန်ဆန်၊ သူက ခြေလျင်တပ်မှ တပ်ကြပ်၊ ဘဏ်ပိုင်ရှင် ဖြစ်သည်။ ဖရက်က စစ်မထွက်မီ မာရီနှင့် ကမန်းကတန်း လက်ထပ်ခဲ့ရသည်က အမှားတစ်ခုဖြစ်ပြီး စစ်ပြီးသည့်အခါ ဆေးဆိုင်မှာ အလုပ်ရသည်။ ဘဏ်လုပ်ငန်းရှင် အယ်စတီဖန်ဆန်က ဇနီး၊ သမီးနှင့်အတူ အေးချမ်းစွာနေပြီး သောက်စားလျက် ရှိသည်။ လေတပ်ဗိုလ် ဖရက်က အယ်စတီဖန်ဆန်၏ သမီးနှင့် လက်ထပ်လိုက်သည်။

စစ်ပြန်သုံးယောက်၏ မတူညီသောဘဝကို ထင်ဟပ်ထားသောရုပ်ရှင် ဖြစ်သည်။ ရုပ်ရှင်စတင်ပြသချိန်မှာပင် ဝေဖန်ရေးဆရာများ၏ ချီးကျူးမှုကို ရရှိခဲ့သည်။ နှစ်များစွာ ကြာသည့်အချိန်တွင် ရုပ်ရှင်ဝေဖန်ရေးဆရာ ဒေးဗစ်သွမ်ဆင် (David Thomson) က 'ဤရုပ်ရှင်သည် လူသားဆန်သောရုပ်ရှင်' အဖြစ် ချီးကျူးခဲ့သည်။

သရုပ်ဆောင်များ ဖရက်ဒရစ်မာ့ချ်၊ မီရနာလွိုင်း၊ ဒါနာအင်ဒရူး၊ တီရီဆာရိုက်၊ ဗားဂျီးနီးယား မာယို၊ ဟယ်ရိုးလ်ရပ်ဆဲလ်၊ ဟိုဂီ

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| | ကာမိုက်ကယ်၊ ကေပီအိုဒွန်နယ်။ |
| ဒါရိုက်တာ | ဝီလျမ်ဝိုင်လာ။ |
| ထုတ်လုပ်သူ | ဆင်မြူရယ် ဂိုးလ်ဝင်။ |
| ဇာတ်ညွှန်း | ရော်ဘင်ရှားဝုဒ်။ မူရင်းဝတ္ထု မက်ကင်လေး ကန်တော်၏ Glory for Me. |
| ဓာတ်ပုံ | ဂရက်တိုလန်။ |
| တေးဂီတ | ဟူးဂိုး ဖရိုက်ဒ်လော့ဖာ။ |
| အော်စကာဆု | အကောင်းဆုံးရုပ်ရှင်၊ အကောင်းဆုံးသရုပ်ဆောင် (ဖရက်ဒရစ်မာ့ချ်၊ အကောင်းဆုံးဒါရိုက်တာ၊ အကောင်းဆုံးဇာတ်ညွှန်း၊ အကောင်းဆုံးဇာတ်ပို့ (ဟယ်ရိုးရပ်ဆဲလ်)၊ အကောင်းဆုံးတေးဂီတ၊ အကောင်းဆုံး တည်းဖြတ်သူ (ဒင်နီရယ်မန်ဒဲလ်) |
| ပြသချိန် | ၁၇၂ မိနစ်၊ အဖြူအမည်း။ |



mgyoe.com SAMPLE BOOK

## 11. Bicycle Thieves (1948)

'စက်ဘီးသူခိုးများ'ကို ရိုက်ကူးသူမှာ ဒါရိုက်တာ ဗစ်တိုရီယို ဒီ စီးကား (Victorio De Sica) ဖြစ်သည်။။ သရုပ်မှန်ဝါဒသစ် ရုပ်ရှင်။ စစ်ပြီးခေတ် အီတလီ ဘဝသရုပ်မှန်ရုပ်ရှင်၊ ပင်မရေစီးကြောင်း။ သရုပ်ဆောင်များမှာ ရုပ်ရှင် အနုပညာသည်တွေ မဟုတ်။ Jarratt (1951) P 79. သရုပ်မှန်ဝါဒသစ်တို့က ရုပ်ရှင်ကင်မရာရှေ့မှောက် တစ်ခါဖူးမှ မရုပ်ဖူးသော၊ တစ်ခါမျှ သရုပ်မဆောင် ဖူးသော ပုဂ္ဂိုလ်များကို သရုပ်ဆောင်စေသည်။ မင်းသား၊ မင်းသမီးများထက် ပြင်ပမှ ပုဂ္ဂိုလ်များသည် ဇာတ်ကောင်၏စရိုက်လက္ခဏာကို ပို၍ထိရောက် အောင် ပြနိုင်သည်ဟု လက်ခံထားကြသည်။ ဇာတ်လမ်းကျောရိုးမှာ လူမှု အနိဋ္ဌာရုံများ၊ လူမှု မညီမျှမှု ကွာဟချက်များ၊ တရားမဲ့မှုများအပေါ် အခြေခံ ထားသည်။ ယခုကားမှာ ဒီစီးကား၏ အကောင်းဆုံးလက်ရာ ဖြစ်သည်။ 'စစ်ပြီးခေတ်၌ အရေးပါသော ရုပ်ရှင်ကား၊ သမားရိုးကျဇာတ်လမ်း၊ ဇာတ်လမ်း ပါလေရုံမျှ။ အထီးကျန်လူသားတစ်ယောက် လူ့အဖွဲ့အစည်းတွင်း လူ့အဖြစ်မှ တန်ဖိုးယုတ်လျော့နေပုံ ဖော်ပြထား၏။ ကာဖကာ (Kafka) နှင့် သဘောသွား ချင်း ခပ်ဆင်ဆင်'။ Sadoul (1972) P 184. ရုပ်ရှင်အနုပညာစစ်စစ်။ အခမ်း အနားတွေ မဟုတ်။ တကယ့်လမ်းပေါ်မှာ၊ ဈေးထဲမှာ၊ လမ်းကြားလမ်းသွယ် မှာ၊ အခန်းကျဉ်းထဲမှာ၊ တကယ့် ရောမမြို့ ဖြစ်သည်။ 'စက္ခုပသာဒဟာ အနု ပညာရှင်အတွက် အင်မတန်မှ အရေးကြီးတယ်။ လူတွေဟာ ဒုက္ခဝေဒနာ ကြောက်တဲ့အတွက် အမြင်အတွေ့ကို ရှောင်လွှဲတတ်ကြတယ်။ ကျွန်တော်တို့ အနေနဲ့ကတော့ မြင်ရအောင် လိုက်ကြည့်နေရတယ်'ဟု ဒီဆီးကားက ပြော

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ဖူးသည်။ ဒီဆီးကားသည် အလွမ်း၊ ဘဝအမော၊ ကရုဏာ စသည်တို့သာ မြင်ကြည့်သူ မဟုတ်။ ဟာသကိုပါ မြင်အောင် ကြည့်သူ ဖြစ်သည်။ ရုပ်ရှင်ကားသည် အလွမ်းဇာတ် ဖြစ်လင့်ကစား ဟာသလည်း ပါသေး၏။ ရုပ်ရှင်အနုပညာစစ်စစ် ဖြစ်သည်။ Rotha (1958) PP 144-147. သရုပ်မှန်ဝါဒသစ်သည် စာရေးဆရာဟဲမင်းဝေး (Hemingway) ၏စကားနှင့် ဆိုရသော် 'အရှိအတိုင်း၊ မြင်သည့်အတိုင်း ပြောခြင်း'ပင်တည်း။

| | |
|---|---|
| သရုပ်ဆောင်များ | လမ်ဘာတို မဂ္ဂိယိုရာနီ၊ အန်ဇို စတိုင်အိုလာ၊ လိုင်ယာနဲလာ ကာရယ်၊ ဂီနိုဆယ်တာမာရင်ဒါ။ |
| ဒါရိုက်တာ | ဗစ်တိုရီယို ဒီစီးကား။ |
| ထုတ်လုပ်သူ | အမ်ဘာတို စကာပါရယ်လီ။ |
| ဇာတ်ညွှန်း | ဆီဇာ ဇာဗာတီနီ။ |
| ဓာတ်ပုံ | ကာလိုမွန်တူယိုရီ။ |
| တေးဂီတ | အလက်ဆန်ဒရို ဆီကိုနီနီ။ |
| အော်စကာဆု | နိုင်ငံရပ်ခြား အကောင်းဆုံးဇာတ်ကားဆု။ |
| ပြသချိန် | ၉၀ မိနစ်၊ အဖြူအမည်း။ |



mgyoe.com SAMPLE BOOK

## 12. The Big Sleep (1946)

'သေဆုံးခြင်း' ရုပ်ရှင်ကားမှာ စာရေးဆရာ ရေမွန်ချန်ဒလာ (Raymond Chandler) ရေးသားသည့် The Big Sleep ကို ရိုက်ကူးထားခြင်း ဖြစ်သည်။

အလွတ်စုံထောက် မာလိုဝီ (ဟမ်းဖရေး ဘိုဂတ်) သည် ငွေညှစ်ခံရသည့် ကိစ္စ စုံစမ်းရန် ငှားရမ်းခံရပြီး ဗိုလ်ချုပ်စတန်းဝုဒ် နေအိမ် ရောက်သွားသည်။ စတန်းဝုဒ်၏ အငယ်ဆုံးသမီး ကာမင် (မာသာဗစ်ကာ)သည် မူးယစ်ဆေးစွဲနေသူဖြစ်ပြီး သူ့အစ်မ ဗီဗီယန် (လော်ရင်ဘက်ကောလ်) က လူဆိုးများနှင့် ပေါင်းသင်းနေသူ ဖြစ်သည်။ လူဆိုးဂိုဏ်း၊ လူသေကောင်များနှင့် ရင်ဆိုင်ရပြီးနောက် မာလိုဝီသည် အမှန်တရားကို ဖော်ထုတ်ခဲ့သည်။ လူဆိုးဂိုဏ်းခေါင်းဆောင် အက်ဒီမားစ်က ဗီဗီယန်ကို ငွေညှစ်နေပြီး ကာမင်က စတန်းဝုဒ်၏ သား ရှောင်န် ရေဂင်ကို သတ်သူမှာ မားစ် ဖြစ်နေသည်ကို ဖော်ထုတ်နိုင်ခဲ့သည်။ မာလိုဝီက ဗီဗီယန်အား ညီမ ကာမင်ကို စိတ်ရောဂါကုဆရာဝန်နှင့် တိုင်ပင်ပြီး ဆေးကုသရန် အကြံပေးခဲ့သည်။



ဤရုပ်ရှင်သည် Film Noir အမျိုးအစား ရုပ်ရှင် ဖြစ်သည်။ စုံထောက်ဝတ္ထု ဖြစ်သဖြင့် လှည့်ကွက်များ၊ ဒုစရိုက်ဂိုဏ်းများ ပါဝင်သည်။ ဒါရိုက်တာဖြစ်သူက မိမိအနေဖြင့် စာရေးဆရာ ရေမွန် ချန်ဒလာကို ရုပ်ရှင်ရိုက်ကူးနေရင်း မရှင်းလင်းသော ဖြစ်စဉ်များကို မေးမြန်းခဲ့ရသည်။ ဥပမာ – ရုပ်ရှင်

mgyoe.com

mgyoe.com SAMPLE BOOK



ထဲတွင် ပါဝင်သည့် ပြကွက်တစ်ခုဖြစ်သော မော်တော်ကားမောင်းသမား အသတ်ခံရသည့် ကိစ္စမှာ မည်သူ့လက်ချက်နည်းဟု မေးမြန်းရာ စာရေးဆရာ ချန်ဒလာကိုယ်တိုင် မည်သူ သတ်သနည်းဟု မသိကြောင်း ပြန်ဖြေကြားခဲ့သည်။

ဤရုပ်ရှင်ကားကို ၁၉၇၇ ခုနှစ်တွင် ဒါရိုက်တာ မိုက်ကယ် ဝင်းနားစ် (Michael Winners) က ပြန်လည်ရိုက်ကူးခဲ့သည်။

| | |
|---|---|
| သရုပ်ဆောင်များ | ဟမ်းဖရေးဘိုဂတ်၊ လော်ရင်ဘက်ကောလ်၊ မာသာ ဗစ်ကာ၊ ဒေါ်ရသီ မာလုန်း၊ ရီဂျစ်တူးမီ၊ အယ်လီ ရှာကွတ်။ |
| ဒါရိုက်တာ၊ ထုတ်လုပ်သူ | ဟိုးဝပ်ဟော့ခ်။ |
| ဇာတ်ညွှန်း | ဝီလျမ်ဖော့ခ်နာ၊ လေးဘရက်ကက်၊ ဂျူးလ်ဖုသ်မန်း။ |
| ဓာတ်ပုံ | ဆစ်ဒနီ ဟစ်ကောက်စ်။ |
| တေးဂီတ | မက်စ် စတိုင်းနား။ |
| ပြသချိန် | ၁၁၄ မိနစ်၊ အဖြူအမည်း။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 13. The Birth of A Nation (1915)

'နိုင်ငံတော် မွေးဖွားခြင်း' ရုပ်ရှင်ကားကို ရိုက်ကူးသူမှာ ကမ္ဘာကျော် အမေရိကန်ဒါရိုက်တာ ဒေးဗစ်ဝါ့ခ် ဂရစ်ဖစ် (David Wark Griffith) ဖြစ်သည်။ ဂရစ်ဖစ်သည် အမေရိကန် ရုပ်ရှင်သမိုင်းတွင် ဩဇာတိက္ကမ အကြီးဆုံး ပုဂ္ဂိုလ်။ သူသည် ရုပ်ရှင်မီဒီယမ်ကိုလည်းကောင်း၊ ရုပ်ရှင်ကြည့် ပရိသတ်ကို လည်းကောင်း ကောင်းစွာ သဘောပေါက်သူဟု ဒေါ်နယ် အီး စတေပယ်က Perspective on the American Cinema တွင် ရေးသားခဲ့သည်။ Staples (1970) P 2.

၁၉ ရာစုအလယ်ပိုင်း ချမ်းသာကြွယ်ဝသော ဆရာဝန် ကင်မရွန်နှင့် ဇနီးသည်တို့သည် သား ဘင်၊ သမီး မာဂရက်တို့နှင့် တောင်ပိုင်းတွင် ပျော်ရွှင်စွာ နေထိုင်ကြသည်။ သူတို့ထံ ပင်ဆယ်ဗေးနီးယားမှ ဖီးလ်နှင့် အယ်ဆီ စတုန်းမန်း လာလည်ကြသည်။ ပြည်တွင်းစစ် ဖြစ်ပွားသည့်အခါတွင် မိသားစု များသည် နှစ်ဖက်တပ်ဖွဲ့များကြား ပိတ်မိနေသည်။

တိုက်ပွဲတွင် ကင်မရွန် ဒဏ်ရာရသွားသဖြင့် ဧည့်သည် အယ်ဆီစတုန်း မန်းက ပြုစုပေးခဲ့သည်။ ကင်မရွန်က အယ်ဆီကို မေတ္တာသက်ဝင်နေသလို ဖီးလ်က ကင်မရွန်၏သမီး မာဂရက်ကို ချစ်နေသည်။ မြောက်ပိုင်းတပ်ဖွဲ့များ အနိုင်ရပြီးနောက် ကွန်ဂရက်အမတ် စတုန်းမန်းက တောင်ပိုင်းသားများကို အပြစ်ပေးရန် တောင်းဆိုခဲ့သော်လည်း လင်ကင်း(Lincoln)က ငြင်းဆိုခဲ့သည်။

ဖီးလ်စတုန်းမင်းက အဖြူ–အမည်း သွေးနှောနေသည့် ဆီးလာ့စ်လင့်ချ်ကို ပြည်သူ့တပ်မတော် ဖွဲ့စည်းရန် စေလွှတ်သည်။ ထို့နောက် သူတို့ဇနီး

mgyoe.com

mgyoe.com SAMPLE BOOK

မောင်နှံ တောင်ပိုင်းသွားပြီး လူဖြူ–လူမည်း တန်းတူညီမျှရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ပြန်လည်တည်ဆောက်ရေးကာလ၊ စစ်ပြန်များ ကြီးစိုးနေသော ကာလတွင် ကင်မရွန်၏သား ဘင်သည် ကုကလပ်ကလန်း Ku Klus Klan ခေါင်းဆောင်ဖြစ်လာပြီး နှမဖြစ်သူ နီဂရိုးများလက်တွင် သေဆုံးရသည့် ဖြစ်ရပ်ကို မကျေနပ်သဖြင့် လက်စားချေ သတ်ဖြတ်မှုတွေ ပြုလုပ်ခဲ့သည်။ နီဂရိုးတပ်ဖွဲ့တွေက ကင်မရွန်မိသားစုနေအိမ်ကို သိမ်းပိုက်ရန် ကြိုးစားမှုကို ဘင်နှင့်အဖွဲ့က ကယ်တင်ခဲ့ရပြီး ဖီးလ်စတုန်းမန်းက မာဂရက်နှင့် လက်ထပ်လိုက်သည်။ ဘင်က အယ်လ်ဆီနှင့် လက်ထပ်လိုက်သည်။

ဤရုပ်ရှင်ကားကို ၁၉၁၅၊ ဖေဖော်ဝါရီ ၈ ရက်တွင် စတင်ပြသခဲ့စဉ်က ရုပ်ရှင်အမည်က The Clansman ဖြစ်သည်။ နောင်တွင် ဂရစ်ဖစ်သ်က တောင်ပိုင်း ပြန်လည်တည်ဆောက်နိုင်ခြင်းမှာ နိုင်ငံ မွေးဖွားခြင်းဖြစ်ကြောင်း ပြောကြားပြီး ရုပ်ရှင်ကားနာမည်ကို 'နိုင်ငံတော် မွေးဖွားခြင်း'ဟု ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။



mgyoe.com SAMPLE BOOK

နျူးယောက်၊ ချီကာဂို၊ ဘော့စတွန်နှင့် အခြားမြို့ကြီးများတွင် ရုပ်ရှင်ကား ပြသချိန်တွင် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သဖြင့် ဒဏ်ရာရသူ များစွာ ရှိခဲ့သည်။ ဥရောပတိုက်တွင် လူမျိုးရေးခွဲခြားမှု ရှိသည်ဆိုပြီး ပြသခွင့် ပိတ်ပင်ခဲ့သည်။ ၁၉၂၁ ခုနှစ်ကျမှ ပြင်သစ်နိုင်ငံတွင် ပြသခွင့်ရသည်။ သို့သော် လူမျိုးရေး ခွဲခြားမှုပါသော ပြကွက်များ ဖြတ်တောက်ခဲ့သည်။ ဇာဘုရင်ခေတ် ရုရှား၊ ထို့နောက် ဆိုဗီယက် ပြည်ထောင်စုခေတ်အထိ ဤရုပ်ရှင်ကို ပြသခြင်း မပြုခဲ့ပေ။ Sadoul (1972) P 17.

ဒါရိုက်တာ ဂရစ်ဖစ်သ်။ ကြီးကျယ်ခမ်းနားထည်ဝါသော ရုပ်ရှင်။ လူမျိုးရေးပြဿနာများ ပါ၍ အချို့နိုင်ငံများ၌ အပိတ်ခံရသည်။ ဇာဘုရင်ခေတ်ရုရှား၌ မပြဖူး၊ ဂျာမနီ၌ အပိတ်ခံရသည်။ ဟောလိဝုဒ်ရုပ်ရှင်လောကဟူ၍ ဖြစ်စေသော၊ သန္ဓေတည်စေသော ရုပ်ရှင်။ ရိုက်ချက်များ လှပသေသပ်သည်။ တည်းဖြတ်မှု ပြည့်စုံကောင်းမွန်သည်။ ရုပ်ရှင်သဒ္ဒါဟု ဆိုရမည့် တည်းဖြတ်မှုမှာ နောင်လာနောက်သား ရုပ်ရှင်ပညာသည်များ အတုယူဖွယ်။ ကင်မရာ အယူအဆနှင့် ပတ်သက်၍ အဝေးရိုက်ချက်၊ နောက်ကြောင်းပြန်၊ အနီးကပ် ရိုက်ချက်များမှာလည်း အတုယူဖွယ်။ အမေရိကန် ရုပ်ရှင်လောကဥသျှောင်ကားမျှသာ မဟုတ်သေး။ ကမ္ဘာ့ရုပ်ရှင်လောက၏ ဥသျှောင်ကားဟု သုတေသီ အချို့က သတ်မှတ် ယူဆကြသည်။

| | |
|---|---|
| သရုပ်ဆောင်များ | ဟင်နရီ ဘီ ဝေါ့သ်ဟော၊ မေ မာ့ချ်၊ ရာ့ဖ် လူးဝစ္စ၊ လီလီယံ ဂစ်ရှ်၊ ဂျော့ ဆီဂ်မန်း၊ ဂျိုဇက်ဖင်း ခရိုဝဲလ်၊ ဝေါလ်တာလောင်း၊ မီရီယမ်ကူးပါး၊ ဒေါနယ်ခရစ်ပ်၊ ဝေါလေ့စ် ရိဒ်၊ ရာအူး ဝေါ့လ်ရှ်၊ ယူဂျင်းပါလက်တေ။ |
| ဒါရိုက်တာ | ဒေးဗစ် ဝေါ့ခ် ဂရစ်ဖစ်သ်။ |
| ထုတ်လုပ်သူ | ဂရစ်ဖစ်သ်နှင့် ဟာဗေး အီး အေ့ကင်။ |
| ဇာတ်ညွှန်း | ဂရစ်ဖစ်သ်၊ ဖရင့် အီး ဝုဒ်စ်၊ တောမတ်ဒစ်ကဆင်။ |
| ဓာတ်ပုံ | ဘီလီ ဘစ်ဇာ။ |
| ပြသချိန် | ၁၈၀ မိနစ်၊ အဖြူအမည်း၊ အသံတိတ်။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 14. Bonnie and Clyde (1967)



ဘွန်နီနှင့် ကလိုက်သည် ၁၉၆၀ ပြည့်နှစ်က အမေရိကန်ပြည်ထောင်စု၏ ပြောင်းလဲလာသော လူနေမှုဘဝနှင့် ပတ်သက်၍ စိတ်ခံစားချက်များကို ဖော်ကျူးထားခြင်း ဖြစ်သည်။ ယင်း ၆၀ ပြည့်နှစ်ကာလတွင် စီးပွားရေးကပ် ဆိုက်ရောက်မှုနှင့် ဗီယက်နမ်စစ်ပွဲကြောင့် ပြည်သူများက အစိုးရကို ဆန့်ကျင်မှုများ ပေါ်ပေါက်နေသလို လူငယ်လူရွယ်များက လူ့အဖွဲ့အစည်း၏ တင်းကျပ်သော စည်းကမ်းများကို ပုန်ကန်နေကြသည်။

ဒါရိုက်တာ အာသာပင်န် (Arthur Penn) ၏ အကောင်းဆုံးလက်ရာဟု ဆိုရမည့် 'ဘွန်နီနှင့် ကလိုက်' ရုပ်ရှင်သည် ခေတ်ပေါ် ဟောလိဝုဒ်ခေတ်ကာလ ရုပ်ရှင်၊ တည်ရှိနေဆဲဖြစ်သော ယဉ်ကျေးမှုများကို ဆန့်ကျင်သော Counter Culture ရုပ်ရှင်ဟု ဆိုရမည် ဖြစ်သည်။ အမေရိကန်အိပ်မက်နှင့် ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အသစ်ဖွင့်ဆိုချက်များ ဖွင့်ဆိုခဲ့သည့် လှုပ်ရှားမှုတစ်ရပ်လည်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK



စီးပွားပျက်ကာလတွင် ကလိုက်ဘာရိုး (ဝါရင်ဘီတီ) နှင့် ဘွန်နီပါကား (ဖေးဒန်းဝေး)တို့ တက္ကဆက်ပြည်နယ်တွင် ဆုံကြပြီးနောက် ဘွန်နီ၏မိခင်ပိုင်ကားကို ကလိုက်က ခိုးယူဖို့ ကြိုးပမ်းသည်။ ဘွန်နီက စားပွဲထိုးအလုပ်ကို ငြီးငွေ့နေသူ ဖြစ်သည်။ ကလိုက်၊ ဘွန်နီနှင့် သူတို့နှင့် စိတ်တူကိုယ်တူ လူငယ်တစ်သိုက် (ပိုလာ့ဒ်၊ ဟက်မန်း၊ ပါဆင်း)တို့သည် ရာဇဝတ်မှုများကို ကျူးလွန်ပြီးနောက် ရဲအရာရှိ(ပိုင်းလ်)၏လက်ချက်ဖြင့် သေဆုံးခဲ့ကြရသည်။

သူတို့တစ်တွေသည် ရာဇဝတ်မှုကို ကျူးလွန်ကြသည်မှာ မှန်သော်လည်း သူတို့ အပြစ်ကင်းသည်။ မိမိတို့၏ဒဏ္ဍာရီကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်မည်ဟု ယုံကြည်ထားကြသည်။ ရာဇဝတ်မှု ကျူးလွန်နေသူများသည် လူဆိုးဂိုဏ်းဝင်တွေ မဟုတ်ကြသလို သူတို့တစ်တွေသည် ရုပ်ရည်ချောမောကြပြီး စာနာစိတ်ရှိသူတွေ ဖြစ်ကြသည်။ လူ့အဖွဲ့အစည်းကို စိန်ခေါ်သူတွေ ဖြစ်ကြသည်။

ရာဇဝတ်မှု ကျူးလွန်သူများ နောက်ဆုံး၌ ရဲစခန်းမှူး လက်ချက်ဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

သေဆုံးရပုံ ဖြစ်သည်။ အာသာပင်၏ အကောင်းဆုံးလက်ရာ။ အမေရိကန် လှိုင်းသစ် ရုပ်ရှင်များအနက် တစ်ကားအပါအဝင် ဖြစ်သည်။ စာရေးဆရာက ဤကားကို ပြင်သစ်ဒါရိုက်တာ ဖရန်ဆွာထရူးဖော (Francois Truffaut) သို့မဟုတ် ဂျောန် လု ဂိုဒတ် (Jean Lu Goddard) ကို ရိုက်ကူးစေချင်သည်။ (နှစ်ယောက်စလုံးမှာ ဩဇာတိက္ကမကြီးသော လှိုင်းသစ် ဒါရိုက်တာ) အာသာပင်န် မှာ လက်ဝါးကြီးအုပ် စီးပွားရေးလုပ်ငန်း ဟောလိဝုဒ် ရုပ်ရှင်လောကကို ပြင်ပ တစ်ကိုယ်တော်အဖြစ် ဖောက်ခွဲဝင်လာသူ။ စတူဒီယိုစနစ်မှ မွေးဖွားသူ မဟုတ်။ ရုပ်ရှင်ဒါရိုက်တာ မဖြစ်မီကတည်းက စိတ်ပညာ၊ ဒဿနိက၊ စာပေ ... စသည် များ လေ့လာဆည်းပူးခဲ့သည်။

| | |
|---|---|
| သရုပ်ဆောင်များ | ဝါရင်ဘီတီ၊ ဖေးဒန်းဝေး၊ ဂျီနီဟက်မန်း၊ မိုက်ကယ် ဂျေ ပိုးလာ့ဒ်၊ အက်စတဲလ်ပါဆင်း၊ ဂျီနီဝိုင်းလ်ဒါး။ |
| ဒါရိုက်တာ | အာသာပင်န်။ |
| ထုတ်လုပ်သူ | ဝါရင်ဘီတီ။ |
| ဇာတ်ညွှန်း | ဒေးဗစ်နျူးမန်း၊ ရောဘတ်ဘင်တွန်။ |
| ဓာတ်ပုံ | ဘားနားဂွတ်ဖီ |
| တေးဂီတ | ချားလ် စထရောစ်။ |
| အော်စကာဆု | အကောင်းဆုံးဇာတ်ပို့ (အက်စတဲလ်ပါဆင်း)၊ အကောင်းဆုံး ဓာတ်ပုံ။ |
| ပြသချိန် | ၁၁၀ မိနစ်၊ ဆေးရောင်စုံ။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 15. Breathless- A Bout de Souffle (1959)

ပြင်သစ် ရုပ်ရှင်ကားအမည်မှာ A Bout De Souffle ဖြစ်သည်။

လူဆိုးဂိုဏ်းဝင်တစ်ဦးဖြစ်သူ မီချယ် (ဘယ်လ်မွန်ဒို)သည် မော်တော်ကားတစ်စီး ခိုးယူပြီးနောက် ပါရီမြို့သို့ ပြန်လာခဲ့သည်။ အဝေးပြေးလမ်းမတွင် ကားကိုတားသည့် ရဲသားကို သတ်ပစ်ခဲ့ပြီး အမေရိကန် အမျိုးသမီး ပက်ထရစ်ရှာ (ဆီးဘာ့ဂ်) နှင့် တွေ့သည်။ မီချယ်က ပက်ထရစ်ရှာကို သူနှင့်အတူ အီတလီထွက်ပြေးဖို့ ပြောသည်။ မီချယ်ကို ရဲအရာရှိ ဗီတယ်က လိုက်လံရှာဖွေလျက် ရှိသည်။ ပက်ထရစ်ရှာက မီချယ်ကို သူ့တိုက်ခန်းတွင် ပုန်းခိုင်းထားပြီးနောက် ရဲအရာရှိထံကို သွားရောက်သတင်းပို့သည်။ မီချယ် လမ်းမပေါ်တွင် ရဲအရာရှိက သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးသွားသည်။

ဒါရိုက်တာ ဂျော်န် လုဂိုဒတ်။ လှိုင်းသစ် Nouvelle Vague ရုပ်ရှင်။ သမားရိုးကျ ရိုက်ချက်များ၊ တည်းဖြတ်မှုမှ လမ်းခွဲထွက်လာသော ရုပ်ရှင်။ စာပေအစဉ်အလာရှိသော၊ ဒဿနိကဗေဒ လိုက်စားဖူးသော၊ ဝေဖန်ရေးဆရာများ ဖြစ်ခဲ့ကြဖူးသော ကလော့ဒ် ရှာဘရောလ် (Claude Chabrol)၊ ထရူးဖော၊ လူဝီမာလေ (Louis Malle)၊ ဂိုဒတ် စသူများမှာ ၁၉၅၉ ကစပြီး လှိုင်းသစ်သဘောတရားများ ဖြန့်ဖြူးခဲ့ကြသည်။ သူတို့သည် လက်ဝဲဝါဒ လှုပ်ရှားမှုနှင့် မကင်းကြသလို အတ္တဘဝအမှန် ပဓာနဝါဒနှင့်လည်း ပတ်သက်ဆက်နွှယ်ကြသည်။ ရုရှားမှ ဗားတော့၏ တိုက်ရိုက်ရုပ်ရှင် နည်းနိဿယ၊ အိုက်ဇန်စတိုင်း၏ မော်န်တပ်(ချ) သဘောတရား၊ ဂျာမန် ကဗျာဆရာနှင့် ပြဇာတ်ရေးဆရာ ဗယ်တော့ဘရက်(ရှ)ထ (Bertolt Brecht) ၏ ပြန်လှန်ပြောဆိုခန်းများတို့ကို အသုံးပြုထားပြီး အသစ်ဖြစ်သော ကော်လာ့(ချ) collage နည်းများကို

mgyoe.com SAMPLE BOOK

'ရင်တမမ' ရုပ်ရှင်ကားထဲတွင် အသုံးပြုထားသည်။ ရုပ်ရှင်သည် ကဗျာဆန်ရမည်၊ စာပေသဘော ဆန်ရမည်ဟူသော အစဉ်အလာ ပြင်သစ် ရုပ်ရှင်လမ်းကြောင်းမှ သွေဖည်ထားသော ရုပ်ရှင်လည်း ဖြစ်သည်။ ရုပ်ရှင်သည် ရုပ်ရှင်အဖို့ဘာဂ Film for film sake ကို ပီပီသသ ဖော်ထားသည်။ (ဤရုပ်ရှင်ကားနှင့် ပတ်သက်၍ ကလော့ဒ်ရှာဗရောလ် (Claude Chabrol) က ဇာတ်လမ်းနှင့် ပတ်သက်၍ အကြံပေးခဲ့ပြီး ထရူးဖောက နည်းပညာနှင့်ပတ်သက်၍ အကြံပေး ကူညီခဲ့သည်) ဤရုပ်ရှင်ကား၌ ဟီးရိုးသစ်၊ ခေတ်ပြိုင် လူ့အဖွဲ့အစည်း



mgyoe.com SAMPLE BOOK

သည် အဓိပ္ပာယ်ကင်းမဲ့ကြောင်း ဖော်ပြထားသည်။ အနှစ်သာရ မဲ့နေသော ဇာတ်ကောင်၏ဘဝကို ပေါ်လွင်အောင် ဖော်ဆောင်ရာတွင် ခုန်ကျော်ကတ်များ jump cut များဖြင့်လည်းကောင်း၊ ဇာတ်ကောင်၏ လှုပ်ရှားမှုများကို လှုပ်ရှားမှု သဘော ဆုပ်မိအောင် တစ်ပါတည်း ရွေ့လျားရိုက်ကူးခြင်း tracking-shots များဖြင့် လည်းကောင်း ရိုက်ကူးထားသည်။ Harcourt (1974) P 314. ဂိုဒတ်၏ရုပ်ရှင်မှာ ရုပ်ရှင်ကို ဖျက်ဆီးသည့် ရုပ်ရှင်၊ ရသ စကီဇိုဖရီးနီးယား ရုပ်ရှင်ဟု ဝေဖန်သုံးသပ်ကြသည်။ ဂိုဒတ်၏ အယူအဆမှာ ရုပ်ရှင်သည် အမှန်တရား ဖြစ်သည်။ ရုပ်ရှင်သည် ဘဝ။ အသက်ရှင်သန်နေသည်မှာ ရုပ်ရှင်ရိုက်ဖို့ ဖြစ်သည်။ ရုပ်ရှင်ရိုက်ကူးသည်မှာ သစ္စာတရားရှာဖွေခြင်း ဖြစ်သည်။ ဂိုဒတ်သည် မော်ဒန်စာပေ၊ ဝတ္ထုသစ် အယူအဆများကို ဖော်ထုတ်ခဲ့သည်။ ရော့ဘ် ဂရီယေး (Alain Robbe-Grillet)၊ ပို့(စ)မော်ဒန် ဝတ္ထုရေးဆရာ လူးဝစ္စ ဟော့ဟဲ (Luis Borges)တို့နည်းတူ ထင်ရှားကျော်ကြားသော ဒါရိုက်တာ ဖြစ်သည်။ သူသည် ပုံသေဇာတ်ညွှန်း လက်ကိုင်ထားခြင်း မရှိ။ တစ်ခါတစ်ရံ၌ ရုပ်ရှင်ကားထဲ၌ မင်းသား မင်းသမီးများကို လွတ်လွတ်လပ်လပ် ပြောဆိုခွင့်



mgyoe.com

mgyoe.com SAMPLE BOOK

ပြထားသည်။ သူ့ရုပ်ရှင်၌ စ၊ လယ်၊ ဆုံး ညီညွတ်မှု မတွေ့ရ။ Armes (1974) PP 213-221.

ဂိုဒတ်တို့ကဲ့သို့ ပြင်သစ် လှိုင်းသစ်ရုပ်ရှင် Nouvelle Vague (New Wave) ရုပ်ရှင်ဒါရိုက်တာများသည် အတ္တဘဝအမှန်ဝါဒ Existentialism ၏ ဩဇာလွှမ်းမိုးမှု ခံခဲ့ရသည်။ ထို့ပြင် ဝတ္ထုသစ် Nouveau Roman (New Novel) စာရေးဆရာများဖြစ်သည့် အာလိန်ရော့ဘ်ဂရီယေး (Alain Robbe-Grillet)၊ မီရှယ်ဘူတော (Michel Butor)၊ နာတာလီဆာဟို့တ် (Nathalie Sarraute)တို့၏ အယူအဆများလည်း မကင်းပေ။ Houston (1964) P 105. အဓိက ထူးခြားချက်မှာ လှိုင်းသစ် ရုပ်ရှင်ဒါရိုက်တာများသည် ဝတ္ထု သို့မဟုတ် ပြဇာတ်များကို မှီငြမ်းရိုက်ကူးခြင်း မရှိကြဘဲ သူတို့၏ စိတ်ကူးစိတ်သန်းများ ကို အခြေပြုပြီး ရိုက်ကူးကြခြင်း ဖြစ်သည်။ Dickson (1972) P 114.

ဤရုပ်ရှင်ကို ၁၉၈၃ တွင် အမေရိကန်ဒါရိုက်တာ ဂျင်မက်ဘရိုက် (Jim Mc.Bride) က ပြန်လည်ရိုက်ကူးခဲ့သည်။

| | |
|---|---|
| သရုပ်ဆောင်များ | ဂျောန်ပေါဘယ်လ်မန်ဒိုး၊ ဂျင်ဆီးဘာ့ခ်၊ ဒန်နီယယ် ဘူလန်ဂါ၊ ဂျောန်ပျဲ မယ်ဗီးလ်။ |
| ဇာတ်ညွှန်းနှင့် ဒါရိုက်တာ | ဂျောန် လုဂိုဒတ်။ |
| ဇာတ်လမ်း | ထရူးဖော။ |
| ထုတ်လုပ်သူ | ဂျော့ဒီဘိုးဂတ်။ |
| ခတ်ပုံ | ရာအူးလ် ကိုတတ်။ |
| တေးဂီတ | မာရှယ်ဆိုလာ။ |
| ပြသချိန် | ၉၀ မိနစ်၊ အဖြူအမည်း။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 16. Bringing Up Baby (1938)



ကျားသစ်ငယ်ကို ပြုစုစောင့်ရှောက်ခြင်း ရုပ်ရှင်သည် ဟာသဇာတ်လမ်းဖြစ်သည်။ ရှေးဟောင်း ကျောက်ဖြစ်ရုပ်ကြွင်းများကို သုတေသနပြုလုပ်နေသူ ဒေါက်တာ ဒေးဗစ် ဟတ်စလေ (ဂယ်ရီဂရန့်) သည် အယ်လစ်ဆွဲလို (ဗာဂျီးနီးယားဝေါလ်တာ) နှင့် လက်ထပ်ရန် စိတ်ပျက်နေစဉ်မှာပင် သူ့ပြတိုက်အတွက် ဒေါ်လာသန်းချီလှူမည့် အလိဇဘက်ရန်ဒန် (မေရော့ဘ်ဆန်) နှင့်လည်း ပတ်သက်နေရသည်။

သူ လက်ထပ်မည့်ရက် မတိုင်မီ ဆူဆန်ဗန့်စ် (ကက်သရင်း ဟက်ဘန်း) နှင့် မတော်တဆ ဂေါက်ကွင်းမှာ ဆုံကြသည်။ ဆူဆန်က ဘာကိုမှ အလေးမထား၊ လွတ်လွတ်လပ်လပ်နေထိုင်သူ ဖြစ်သည်။ ဆူဆန်၏မောင် မာ့ခ်က ဆူဆန့်အတွက် လိမ္မာသော ကျားသစ်ငယ်တစ်ကောင် လက်ဆောင်ပေးသည်။ ဆူဆန်က ယင်းကျားသစ်လေးကို ဒေးဗစ်ကို ပေးသည်။ ဒေးဗစ်၏ တိရစ္ဆာန်ရုံထဲမှာ ထားသော ကျားသစ်လေး လွတ်သွားသည်။ ပျောက်သွားသော ကျားသစ်ငယ်ကို ဖမ်းမမိဘဲ ဆပ်ကပ်ထဲမှ လွတ်လာသည့် ကျားသစ်ရိုင်းကို ဖမ်းမိကြသည်။ သူတို့နှစ်ယောက် ပြဿနာပေါင်းစုံ ကြုံပြီးနောက် အားလုံး ဖြေရှင်းနိုင်ခဲ့ကြသည်။ ဒေးဗစ်နှင့် ဆူဆန်တို့ လက်ထပ်လိုက်ကြသည်။

၁၉၃၀ ပြည့်နှစ်ကာလ အသောဇာတ်လမ်းများတွင် ထင်ရှားသော ရုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ရှင်ကားတစ်ကား ဖြစ်သည်။ ဂယ်ရီဂရန့်နှင့် ကက်သရင်းဟက်ဘန်းတို့၏ သရုပ်ဆောင်မှု ပြောင်မြောက်သည်။ Bringing Up Baby ၏ ဩဇာများသည် ဒါရိုက်တာ ပီတာ ဘော့ဒါနိုဗစ်ချ် (Peter Bogdanovich) ၏ What's Up Doc (1972) တွင် တွေ့ရသည်။

| | |
|---|---|
| သရုပ်ဆောင်များ | ကက်သရင်းဟက်ဘန်း၊ ဂယ်ရီဂရန့်၊ ချားလ်စ် ရပ်ဂဲလ်၊ မေရော့ဘ်ဆင်၊ ဝေါလ်တာကက်လက်၊ ဖရစ်ဇ်ဖဲလ်၊ ဘာရီဖစ်ဂျာရယ်။ |
| ထုတ်လုပ်သူ၊ ဒါရိုက်တာ | ဟိုးဝပ်ဟော့ခ်။ |
| ဇာတ်ညွှန်း | ဒက်ဒလေ နီကိုးလ်၊ ဟာဂါဝိုင်းလ်။ |
| ဓာတ်ပုံ | ရပ်ဆဲလ်မက်တီ။ |
| တေးဂီတ | ရွိုင်းဝက်ဘ်။ |
| ပြသချိန် | ၁၀၂ မိနစ်၊ အဖြူအမည်း။ |



mgyoe.com SAMPLE BOOK

## 17. Butch Cassidy and the Sundance Kid (1962)




ပဋိဇာတ်လိုက်များ၊ တစ်ကိုယ်ရေ သမားများ၊ အထီးတည်း ဂုဏ်ရောင် ပြောင်နေသူများ၊ စနစ်တကျ ဖွဲ့စည်းထားသော အမေရိကန် လူ့အဖွဲ့အစည်း၌ မပါဝင်၊ ငြင်းဆန် ပစ်ပယ်ကြ ပုံများ ရိုက်ကူးထားသည်။ 'ဘတ်ချ် ကက်ဆီဒီနှင့် ဆန်းဒန့်စ်' ရုပ်ရှင်သည် မော်ဒန် လူငယ်တို့၏ ဘဝကို ဖော်ကျူး ထားသော ရုပ်ရှင် ဖြစ်သည်။ ဘတ်ချ် (ပေါလ် နျူမန်)၊ ဆန်းဒန့်စ် (ရောဘတ်ရက်ဖို့ဒ်) နှင့် လူဆိုးဂိုဏ်းသည် ယူနီယံ ပစိဖိတ် အဝေးပြေး ရထားကို နှစ်ကြိမ်တိတိ ဓားပြတိုက်ခဲ့ကြသည်။ ဒုတိယအကြိမ်မြောက်တွင် သူတို့၏ အကြံအစည်များ လွဲချော်ခဲ့ပြီး နှစ်ယောက်သား ဘိုလီးဗီးယားနိုင်ငံ ထွက်ပြေးရန် ဆုံးဖြတ်ခဲ့ကြသည်။ နျူးယောက်တွင် ဆန်းဒန့်စ်၏ ချစ်သူ အက်တာပလေ့စ် (ကက်သရင်းရို့စ်) နှင့် သူတို့ ခေတ္တ တွေ့ဆုံကြသည်။ ပြီး သည်နှင့် ဘိုလီးဗီးယားနိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ ဘတ်ချ်က ဘိုလီးဗီးယား သည် သူတို့အတွက် သုခဘုံဟု ယူဆထားသည်။ ဆန်းဒန့်စ်အတွက်ကတော့ စိတ်ပျက်စရာ ဖြစ်နေသည်။ အခိုကပြဿနာက သူတို့ စပိန်စကား မပြော

mgyoe.com

mgyoe.com SAMPLE BOOK

တတ်ကြ။ အက်တာက သူတို့ကို စပိန်စကား သင်ပေးသည်။

သူတို့ မိုင်းတွင်းမှာ အလုပ်ဝင်လုပ်ရသည်။ သူတို့ကို ဓားပြတွေက မှောင်ခိုတိုက်သဖြင့် ပြန်ခုခံရသည်။ ဘတ်ချ်အနေဖြင့် ပထမဆုံး လူသတ်မိခြင်း ဖြစ်သည်။ တရားဥပဒေမဲ့သောအရပ်တွင် ရိုးရိုးသားသားနေ၍ မရသဖြင့်



mgyoe.com SAMPLE BOOK

ဘတ်ချ်နှင့် ဆန်းဒန့်စ်တို့ ခိုးဝှက်လုယက်ရသောအလုပ် ပြန်လုပ်သည်။ အက်တာက အမေရိကန်ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

နောက်ဆုံး သူတို့နှစ်ယောက် ဘိုလီးဗီးယားစစ်သားများ၏ ဝင်တိုက်ခိုက်မှု ခံရသည်။ ဘတ်ချ်က ဩစတြေးလျတွင် ဘဝသစ်တည်ထောင်ဖို့ ဆုံးဖြတ်ပြီး ရန်သူများရှိရာသို့ သူတို့ ထွက်ခဲ့ကြသည်။

| | |
|---|---|
| သရုပ်ဆောင်များ | ပေါလ်နျူမန်၊ ရောဘတ်ရက်ဖို့ဒ်၊ ကက်သရင်းရို့စ်၊ စထရိုသာမာတင်၊ ဟင်နရီဂျိမ်းစ်၊ ကလိုရင်စ်လိချမန်း၊ ဂျက်ဖ်ကိုရေ။ |
| ဒါရိုက်တာ | ဂျော့ချ် ရွိုင်းဟေး။ |
| ထုတ်လုပ်သူ | ဂျွန်ဖိုမန်။ |
| ဇာတ်ညွှန်း | ဝိလျှမ်ဂိုးလ်မန်း။ |
| ဓာတ်ပုံ | ကွန်ရက်ဒ်ဟော။ |
| တေးဂီတ | ဘတ် ဘက်ဟာရက်ချ်။ |
| အော်စကာဆု | အကောင်းဆုံးဇာတ်ညွှန်း၊ အကောင်းဆုံးဓာတ်ပုံ၊ အကောင်းဆုံး တေးဂီတ၊ 'ငါ့ခေါင်းပေါ် မိုးစက်တွေ ကျနေတယ်' (စာသား–ဟားလ်ဒေးဗစ်) |
| ပြသချိန် | ၁၁၂ မိနစ်၊ ဆေးရောင်စုံ။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 18. Cabaret (1972)

ကာဘရေး ရုပ်ရှင်သည် တေးဂီတနောက်ခံ ရုပ်ရှင်ကားဖြစ်ပြီး နောက်ခံမှာ ဘာလင်မြို့ ဖြစ်သည်။ ၁၉၁၈ မှ ၁၉၃၃ ခုနှစ်အထိ တည်ရှိခဲ့သော ဝိုင်းမားရီပတ်ဘလစ် (Weimar Republic) သို့မဟုတ် ဂျာမန် သမ္မတနိုင်ငံတွင် နာဇီဂျာမနီတို့ ကြီးစိုးနေစဉ်ကို နောက်ခံထားသည်။

၁၉၃၁ ခုနှစ်၊ ဘာလင်မြို့တွင် အမေရိကန်သူ ဆယ်လီဘိုးလက်စ် (လီဆာမင်နယ်လီ) သည် Kit Kat ကလပ်တွင် ကပြနေသူ ဖြစ်သည်။ ဘာလင်သို့ ဗြိတိသျှနိုင်ငံသား ဘရိုင်ယန်ရောဘတ် (မိုက်ကယ်ယော့ခ်) ရောက်လာသည်။ သူတို့ ခင်မင်သွားကြရာမှ ချစ်သူဘဝ ရောက်သွားသည်။

ဆယ်လီသည် မှူးမတ်တစ်ဦးလည်းဖြစ်၊ မြာပွေသူလည်း ဖြစ်သည့် မက်ဆီမီလီယန်ဗွန်ဟူးန် (ဟဲလ်မွတ်ဂရီယန်) နှင့် ရင်းနှီးသွားသည်။ မက်ဆီမီလီယန်က ဆယ်လီနှင့် ရောဘတ်တို့ကို ကျေးလက်စံအိမ် ခေါ်သွားသည်။ ဆယ်လီကို ချစ်ရေးဆိုသည်။ ဆယ်လီ ကိုယ်ဝန်ရှိလာသည်။ ကလေးဖခင်မည်သူမှန်း မသိရ။ ဒေးဗစ်က ဆယ်လီကို လက်ထပ်ခွင့်တောင်းပြီး အင်္ဂလန်ခေါ်သွားမည်ဟု ပြောသည်။ ဤအချိန်မှာပင် ဆယ်လီ ကလေးခါးတောင်းကျိုက်ပိတ်စ လျှော်ရင်း ကိုယ်ဝန်ပျက်ကျသွားသည်။ ဒေးဗစ်က အင်္ဂလန် ပြန်သွားသည်။ ဆယ်လီ ဘာလင်မှာပင် ကျန်ခဲ့သည်။

ကာဘရေး ရုပ်ရှင်သည် စာရေးဆရာ ခရစ္စတိုဖာ အိုင်ရှားဝုဒ် (Christopher Isherwood) ၏ Goodbye to Berlin ကို အခြေခံထားသလို ဂျွန်ဗန် ဒျူတန် (John Van Druten)၏ ပြဇာတ် I Am a Camera ကိုလည်း တစ်စိတ်တစ်ပိုင်း မှီးထားသည်။ I Am a Camera ပြဇာတ်ထဲမှ နိုင်ငံရေးနှင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပတ်သက်သော ပြကွက်မှာ နိုင်ငံရေးအရ ထိရောက်မှုရှိသည်။ ချောမောသော လူငယ်လေးတစ်ယောက် နာဇီ လူငယ်ဝတ်စုံ ဝတ်ထားပြီး လမ်းကျယ်နံဘေးရှိ ကဖေးဆိုင်တွင် 'မနက်ဖြန် ငါ ပိုင်သည်'ဆိုသော သီချင်း သီဆိုနေပုံများ၊ ကာဘရေး ကချေသည်များ ရုံထဲတွင် မြူးထူးစွာ ကပြနေပုံများ၊ ဘာလင်မြို့ရှိ လူများ စိတ်ပျက်လက်ပျက်ဖြစ်နေပုံများကို ဒါရိုက်တာက ပီပီပြင်ပြင် ရိုက်ကူးထားသည်။

ကာဘရေး ရုပ်ရှင်သည် တေးဂီတဝါဒ Musicalism အမျိုးအစား ဖြစ်သည်။ Bergan (2011) P 97.

သရုပ်ဆောင်များ လီဇာမင်နယ်လီ၊ မိုက်ကယ်ယော့ခ်၊ ဂျိုးဂရေးစ၊ ဟယ်လ်မွတ် ဂရီယမ်၊ မာရီဆာ ဘရင်ဆန်၊ ဖရစ်ဝက်ပါ။



mgyoe.com SAMPLE BOOK

| | |
|---|---|
| ဒါရိုက်တာ | ဘော့ပ်ဖိုဆီ။ |
| ထုတ်လုပ်သူ | ဆီဖူယာ။ |
| ဇာတ်ညွှန်း | ဂျေး ပရက်ဆန်အေလန်။ |
| ဓာတ်ပုံ | ဂျက်ဖရီအန်စဝေါ့သ်။ |
| တေးဂီတ | ဂျွန်ကန်ဒါ။ |
| တေးစာသား | ဖရက်ဒ် အက်ဘ်။ |
| ဂီတဒါရိုက်တာ | ရာ့ဖ် ဘန်းစ်။ |
| အော်စကာဆု | အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင် (လီဆာမင်နယ်လီ)၊ အကောင်းဆုံး ဒါရိုက်တာ၊ အကောင်းဆုံး ဇာတ်ပို့ (ဂရေး)၊ အကောင်းဆုံး ဓာတ်ပုံ၊ အကောင်းဆုံး အနုပညာဒါရိုက်တာနှင့် ဆက်တင် (ဂျာဂန်ကီဘက်ချ် စထရာကယ်)၊ အကောင်းဆုံး တေးဂီတ၊ အကောင်းဆုံး အသံ (ရောဘတ်နုဒ်ဆန်နှင့် ဒေးဗစ်ဟိုင်းယာ့ဒ်)၊ အကောင်းဆုံး တည်းဖြတ် (ဒေးဗစ်ဘရက်သာတွန်)။ |
| ပြသချိန် | ၁၂၈ မိနစ်၊ ဆေးရောင်စုံ။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 19. Casablanca (1942)

ကာဆာဘလန်ကာ ဆိုသော အမည်နာမသည် မော်ရိုကိုနိုင်ငံတွင် ရှိသော မြို့အမည် ဖြစ်သည်။ ပြင်သစ်ပိုင်နက်ဖြစ်သော ကာဆာဘလန်ကာမြို့သို့ ဗစ်တာလာဇလို (ပေါလ်ဟန်ရိဒ်) နှင့် ဇနီး အီလ်ဆာ (အင်းဂရစ် ဘာ့ဂ်မန်)တို့ ရောက်လာကြသည်။ ဗစ်တာက နာဇီဆန့်ကျင်ရေး တိုက်ခိုက်ရေးသမားတစ်ဦးအဖြစ် နာမည်ကျော်ကြားနေသူ ဖြစ်သည်။

ကာဆာဘလန်ကာတွင် ရစ်ခ် (ဟမ်းဖရေးဘိုဂတ်) က ညကလပ် ဖွင့်ထားသည်။ ရစ်ခ်နှင့် အီလ်ဆာတို့ ပါရီတွင်ရှိစဉ်က ချစ်ကြိုက်ခဲ့ဖူးသည်။ ရစ်ခ်က ဘာအကြောင်းမှမပြဘဲ အီလ်ဆာကို စွန့်သွားခဲ့သည်။ ပြင်သစ် ရဲအရာရှိ ဗိုလ်ရေးနော်လ် (ကလော့ဒ် ရိန်းစ်) သည် ဂျာမန်ဂတ်စတာပို ဗိုလ်မှူး စထရက်ဆာ (ကွန်းရက် ဗိုက်) ၏ စေခိုင်းချက်အရ ဗစ်တာကို ကာဆာဘလန်ကာမှ ထွက်မသွားစေရန် စောင့်ကြည့်နေရသည်။





ရစ်ခ်ထံတွင် အမည်ရေးမထားသော ဗီဇာတစ်ခုကို လူလိဗ် (ပီတာလိုရီ) ခိုးပေးသဖြင့် ရထားသည်။ နောင်တွင် လူလိဗ်သည် ရဲတပ်ဖွဲ့၏ပစ်ခတ်မှု ခံခဲ့ရသည်။ ရစ်ခ်က ဒေးဗစ်ကို ကာဆာဘလန်ကာမှ ထွက်သွားရေးကို အကူအညီ ပေးချင်။ သို့သော် အီလ်ဆာသည် မိမိကိုချစ်နေတုန်းဆိုတာ သိသဖြင့် အကူအညီပေးဖို့ ဆုံးဖြတ်လိုက်သည်။ ဒေးဗစ်ကို လွတ်အောင် လုပ်ပေးမည်။ သို့သော် အီလ်ဆာသည် ဒေးဗစ်နှင့်လိုက်မသွားဘဲ ကာဆာဘလန်ကာမှာ ကျန်ရစ်ခဲ့ရမည်ဟု ပြောသည်။

ရဲတပ်ဖွဲ့က ဒေးဗစ်ကို ဖမ်းလိုက်ချိန်တွင် ရစ်ခ်က ရေးနော်လ်၏ ရာဇဝတ်မှုများ ကျူးလွန်ထားသည့် အထောက်အထားရှိကြောင်း ပြောပြသည်။ ရေးနော်လ်က ဒေးဗစ်တို့ဇနီးမောင်နှံကို ဖမ်းချိန်တွင် ရစ်ခ်က သေနတ်ဖြင့် ချိန်ပြီး လွတ်မြောက်စေသည်။ နောက်ဆုံးတွင် လစ္စဘွန်းသို့ထွက်မည့် လေယာဉ်ပေါ်သို့ ဒေးဗစ်နှင့် အီလ်ဆာတို့ တက်ရောက်သွားကြသည်။ လေယာဉ်ပေါ် မတက်မီ ရစ်ခ်က အီလ်ဆာကို ကာဆာဘလန်ကာတွင် နေရစ်ခဲ့ပါက တစ်သက်လုံး နောင်တရမည်ဟု ပြောသည်။

ရစ်ခ်က လေယာဉ်ကွင်း ရောက်လာသော ဂျာမန်ဗိုလ်မှူး စထရက်ဆာကို သေနတ်ဖြင့် ပစ်လိုက်သည်။ ရေးနော်လ်နှင့် ရဲများရောက်လာပြီးနောက် ရေးနော်လ်က ရစ်ခ်ကို ကွန်ဂိုနိုင်ငံ ဘရာဇဗီးလ်မြို့ရှိ မြေအောက် တော်လှန်ရေးသမားများနှင့် ပူးပေါင်းရန် ပြောလိုက်သည်။

အမေရိကန် ရုပ်ရှင်ဝေဖန်ရေးသမား အင်ဒရူးဆာရစ် (Andrew Sarris)

mgyoe.com SAMPLE BOOK mgyoe.com

mgyoe.com SAMPLE BOOK

က စာရေးဆရာသီဝရီ (auteur theory) ကို အခြေခံထားသော ရုပ်ရှင်ကားဟု ဝေဖန်ခဲ့သည်။

Semiotician ပညာရှင်လည်းဖြစ်၊ နာမည်ကျော် ပို့စ်မော်ဒန် စာရေးဆရာကြီးလည်းဖြစ်သူ အွန်ဘရဲတိုအေကို (Umberto Eco) က ကာဆာဘလန်ကာ ရုပ်ရှင်ကားသည် 'လူတစ်စုက အလွန်သဘောကျသည့် ရုပ်ရှင်အမျိုးအစား' (Cult Movies) ဖြစ်ကြောင်း Casablanca Cult Movies and Inertexuality Collage အမည်ရှိဆောင်းပါး ရေးဖူးသည်။ အေကိုက 'ကာဆာဘလန်ကာသည် ရုပ်ရှင်ကားတစ်ကား မည်ကာမတ္တ မဟုတ်။ ရုပ်ရှင်ကားများစွာ ဖြစ်သည်'ဟု မှတ်ချက်ချခဲ့သည်။

ကာဆာဘလန်ကာသည် မိုက်ကယ်ကားတစ်၏ အကောင်းဆုံးလက်ရာ ဖြစ်သည်။ ဟမ်းဖရေးဘိုဂတ် ပြောသည့် စကားလုံးများသည် ပရိသတ်သဘောကျသည့် စကားလုံးများ ဖြစ်သည်။

'ခင်ဗျား ဘာလူမျိုးလဲ'
'ကျုပ်က အရက်သမား'

| | |
|---|---|
| သရုပ်ဆောင်များ | ဟမ်းဖရေးဘိုဂတ်၊ အင်းဂရစ်ဘာ့ဂ်မန်၊ ကလော့ဒ်ရိန်းစ်၊ ပေါ်လ်ဟင်ရိဒ်၊ ဆစ်ဒနီဂရင်းစထရိ၊ ကွန်းရတ်ဗိုက်၊ ပီတာလိုရီ၊ ဒူးလီးဝီလ်ဆွန်။ |
| ဒါရိုက်တာ | မိုက်ကယ်ကားတစ်။ |
| ထုတ်လုပ်သူ | ဟောလ်ဝါးလစ္စ။ |
| ဇာတ်ညွှန်း | ဂျူးလ်စ် အက်ပ်စတိုင်း၊ ဖီးလ်စ်အက်ပ်စတိုင်း၊ ဟိုးဝပ်ကော့ချ်။ |
| ဓာတ်ပုံ | အာသာအက်ဒီဆန်။ |
| တေးဂီတ | မက်စ်စတိုင်းနား။ |
| အော်စကာဆု | အကောင်းဆုံးရုပ်ရှင်၊ အကောင်းဆုံးဒါရိုက်တာ၊ အကောင်းဆုံး ဇာတ်ညွှန်း။ |
| ပြသချိန် | ၁၀၂ မိနစ်၊ အဖြူအမည်း။ |

mgyoe.com


mgyoe.com SAMPLE BOOK

## 20. Chinatown (1974)

၁၉၃၇၊ မိမိကိုယ်မိမိ အိဗလင်းမူရေးလ်ဟု ပြောပြီး အလွတ်စုံထောက် ဂျေ ဂျေ ဂျိတ်ထံ အမျိုးသမီးတစ်ဦး ရောက်လာသည်။ ခင်ပွန်း ဟိုးလပ်မူလ် ရေးသည် လော့အိန်ဂျလိစ်မြို့ ရေနှင့် လျှပ်စစ်ဌာနမှ အင်ဂျင်ကို စုံစမ်းပေးရန် ပြောကြားခဲ့သည်။ ဟိုးလပ်မူရေး ကျဆုံးသွားပြီးနောက်တွင် အလွတ်စုံထောက် ဂျေ ဂျေ ဂျိတ်သည် သပွတ်အူကိစ္စထဲ မျောသွားရပုံများကို ရိုက်ကူးထားသည်။

Film noir အမျိုးအစားတွင် အကောင်းဆုံးရုပ်ရှင်။ အကြမ်းဖက် ရုပ်ရှင်ကားအမျိုးအစား မည်ကာမတ္တသာ မဟုတ်။ ဇာတ်ကောင်များမှာ သမားရိုးကျ မဟုတ်။ အစဉ်အလာ ဝတ္ထုများ၌ ပါသလို စရိုက်သေ၊ စရိုက်ရှင်များ မပါ။ ဇာတ်ကောင်တွေသည် ပြီးပြည့်စုံနေသူတွေလည်း မဟုတ်။ လူဆိုး၊ လူကောင်း ခွဲမထား။ လူတွေမျှသာ ဖြစ်သည်။ 'ယောကျ်ားနှင့် မိန်းမ'တွေသာ ဖြစ်ကြသည်။ သူတို့သည် အပြစ်မဲ့သူတွေ ၊ အပြစ်ကျူးလွန်သူတွေမျှသာ။ အမှန်အမှား၊ အကောင်းအဆိုးနှင့် ပတ်သက်၍ အနည်းအများ ပစ္စုပ္ပန်၌ ဖြစ်နေသည်ကို လွတ်လွတ်လပ်လပ် တင်ပြထားသည်။ ပိုလန်စကီးသည် stopped motion အရုပ်များကို ရုပ်ပစ်သည့်နည်း၊ ရုပ်သေ သဘောကို Chinatown တွင် ထည့်သွင်း အသုံးပြုထားသည်။ သူ့အရင်က ဤနည်းကို Ray and Charles Eames (အမေရိကန်) တို့က Parade (1952), House : After Five Years of Living (1955), Toccata for Toy Trains (1955) ၌ အသုံးပြုခဲ့ပြီးဖြစ်သလို Chris

mgyoe.com



Marker (ပြင်သစ်) ကလည်း La Jetee (1963) တွင် သုံးထားခဲ့ပြီး ဖြစ်သည်။ ပိုလန်စကီးက Voyeurism တစ်ကိုယ်တည်း ရာဂဖြေဖျောက်သည့် စိတ်ရောဂါ ဝေဒနာရှင်အကြောင်းကို ဖော်ကျူးလိုသည့်အတွက် ချစ်သူနှစ်ယောက် ချစ်တင်း နှောနေသည့် အခန်းများကို ဓာတ်ပုံများဖြင့် ဖော်ပြခဲ့သည်။ Stephenson and Phelps (1989) P 106. ရုပ်ရှင်သဘောတရားနှင့် ပတ်သက်၍ ကျမ်းပြု ဆရာ မက်(ဇ)က ရုပ်ရှင်မှန်သမျှ ဓာတ်လမ်း၊ ပုံဝတ္ထုရုပ်ရှင် ဖြစ်သည်။ စိတ်ကူး ဖြင့် ပုံဖော်ထားသော နိမိတ်ပုံသဘောများ ဖြစ်သည်။ မည်မျှပင် စိတ်ကူးဖြင့် ဖွဲ့နွဲ့ထားသည်ဖြစ်စေ (မြင်ကြည့်ရသူအဖို့) ပစ္စက္ခတွင် ကြုံတွေ့ရသော အဖြစ် မျိုး ဆောင်နေသည်။ ရုပ်ရှင်၌ပါရှိသော (အရုပ်၊ အသံ၊ သင်္ကေတ၊ နိမိတ်ပုံ စသည့် ရုပ်ရှင်ကိစ္စ ပစ္စည်းများ)၊ အဓိပ္ပာယ်သတ်မှတ်မှုများသည် အခြားသော အနုပညာရပ်များနှင့် သိသိသာသာ ခြားနားလျက် ရှိသည်။ ပုံစံအားဖြင့် သောတ၊ ပသာဒနှင့် အာရုံခံစားမှု စေတသိက်ပစ္စည်းများသည် အခြားသော အနုပညာများနှင့် မတူ။ ကြည့်ရှုသူ ပရိသတ်များအဖို့ ရုပ်ရှင်ကားက ပေးထား သော ကာလနှင့် ဒေသ ကန့်သတ်မှုဘောင်ထဲတွင် ဖြစ်နေသော ရုပ်ပုံများ၏ အဖြစ်အပျက် ပယောဂများမှာ မမြင်ကွယ်ရာ၌ ဖြစ်နေကြောင်း ဂရုမပြု။

mgyi...com

mgyoe.com SAMPLE BOOK

ထို့ကြောင့် ရုပ်ရှင်တွင် အဓိက သုံးခု ရှိနေတော့သည်။ ယင်းတို့မှာ အကျိုးသက်ရောက်စေသော လှုပ်ရှားမှု၊ သီးခြားအမှတ်လက္ခဏာ ဆောင်မှုနှင့် တစ်ကိုယ်တည်း ရာဂဆန္ဒကို ဖြေဖျောက်မှုတို့ ဖြစ်သည်။ သို့ဖြင့် ရုပ်ရှင်ပိတ်ကားထက်မှ ပုံရိပ်များမှာ မျက်ကွယ်၌ ဖြစ်ပေါ်လှုပ်ရှားမှုများကို မျက်မှောက်ထင်ထင် ပေါ်ပေါက်စေခြင်းပင်တည်း။ Metz (1972) P 105.

| | |
|---|---|
| သရုပ်ဆောင်များ | ဂျက်နစ်ကိုးလ်ဆန်၊ ဖေးဒန်းဝေး၊ ဂျွန်ဟူစတန်၊ ပယ်ရီလိုပက်ဇ်၊ ဂျွန်ဟီလားမန်း၊ ဒိုင်ယန်းလက်ဒ်။ |
| ဒါရိုက်တာ | ရိုမန်ပိုလန်စကီး။ |
| ထုတ်လုပ်သူ | ရောဘတ်အီဗန်းစ်။ |
| ဇာတ်ညွှန်း | ရောဘတ်တောင်းနီ။ |
| ဓာတ်ပုံ | ဂျွန် အေ အလွန်ဆို။ |
| တေးဂီတ | ဂျယ်ရီဂိုးစမစ်သ်။ |
| အော်စကာဆု | အကောင်းဆုံးဇာတ်ညွှန်း။ |
| ပြသချိန် | ၁၃၁ မိနစ်၊ ဆေးရောင်စုံ။ |

mgyoe.com

mgyoe.com SAMPLE BOOK

## 21. Citizen Kane (1941)



ဒါရိုက်တာက Orson Wells ဖြစ်သည်။ သူက ချီကာဂို အနုပညာ တက္ကသိုလ်တွင် ပညာသင်ယူဖူးသည်။ ဂျာနယ်လစ်အဖြစ်လည်း ခေတ္တခဏ လုပ်ဖူးသည်။ ဒဗ္ဗလင်မြို့ Gate and Abbey ပြဇာတ်ရုံတွင် ပညာသင်ယူဖူးသည်။ ၁၉၃၇ ခုနှစ်တွင် ဂျွန်ဟောက်စ်မန် (John Houseman) နှင့်အတူ Mercury Theatre ကို တည်ထောင်ခဲ့ပြီး Juliet Caesar ကို မော်ဒန်ပုံစံဖြင့် ကပြခဲ့သည်။ ပြီးမှ ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ရောက်သည်။ သူ၏ ထင်ရှားသောစကားက 'ကျုပ် ပိုက်ဆံ မလိုချင်ဘူး၊ ဩဇာတိက္ကမ ကြီးမှုပဲ လိုချင်တယ်' ဟူ၍ ဖြစ်သည်။ သူက အပြောနှင့်လက်တွေ့ တစ်ထပ်တည်းကျသူ ဖြစ်သည်။ သူ ရိုက်ကူးခဲ့သော Citizen Kane သည် ထာဝရ တည်တံ့နေမည့် ရုပ်ရှင်ကားထဲတွင် တစ်ကားအပါအဝင် ဖြစ်နေခဲ့သည်။ ပြင်သစ် လှိုင်းသစ် ဒါရိုက်တာ ဖရန်ဆွာထရူးဖော(Francois Truffaut) က ယခုလို မှတ်ချက်ပေးခဲ့သည်။ '၁၉၄၀ ပြည့်နှစ်မှ စ၍ ရုပ်ရှင်ကားများသည် Citizen Kane ၏

mgyoe.com

mgyoe.com SAMPLE BOOK

ဩဇာလွှမ်းမိုးမှု ခံကြရသည်'

ဩဇာတိက္ကမ ကြီးမားလှသည့် သတင်းစာပိုင်ရှင် ကိန်း(Wells) သည် သူပိုင် ခမ်းနားကြီးကျယ်လှသော ရဲတိုက်တွင် ကွယ်လွန် အနိစ္စရောက်သွားသည်။ ရဲတိုက်အမည်က ဇနာဒူ (Xanadu)။ သူ နောက်ဆုံး ရေရွတ်သွားသည့် စကားလုံးက Rosebud။ March of Style အမည်ရှိ သတင်းမဂ္ဂဇင်းမှ သတင်းထောက် Allandကို Rosebud ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ် ရှာဖွေရန် စေလွှတ်လိုက်သည်။ ဖြစ်နိုင်လျှင် 'ကိန်း'ဟူသော ဝေါဟာရ၏ အနက်ကိုပါ ရှာဖွေရန် စေခိုင်းလိုက်သည်။ သက်ချာ(Thatcher)၏ ပြန်ပြောင်းဖွင့်ဟမှုများမှတစ်ဆင့် ကိန်း၏ ငယ်ဘဝနှင့် သူ့မိခင် မိုရီဟက်ဒ် (Moorehead) အကြောင်း သိရသည်။ သတင်းထောက်က အဘိုးအိုဖြစ်နေသည့် ဘန်းစတိုင်း (Bernstein) ကို မေးမြန်းခဲ့ရာမှ ကိန်းတစ်ယောက် သတင်းစာ မည်ကဲ့သို့ ထုတ်ဝေလာခဲ့ပုံများကို သိရှိခဲ့ရတော့သည်။ Leland သတင်းထောက်ကို သမ္မတ တူမ ဝါရစ် (Warrick) နှင့် လက်ထပ်ခဲ့ပုံ၊ ကိုမင်ဂိုရီ (Comingore) နှင့်တွေ့ပြီး အမြှောင်ထားမိပုံ၊ နိုင်ငံရေးလောကတွင် တိုက်ခိုက်ခံရပုံများ သိရှိခွင့် ရခဲ့သည်။ သတင်းထောက်သည် အမြှောင်မယား ကိုမင်ဂိုရီကို နိုက်ကလပ်တွင် တွေ့ဆုံခဲ့သည်။ အမျိုးသမီးက နိုက်ကလပ် အဆိုတော်အဖြစ် ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့ပုံ၊ နောက်ဆုံးတွင် လက်လျှော့ပြီး ကိန်းနှင့်အတူ ဇနာဒူသို့ ထွက်ခွာခဲ့ပုံများကို ဖွင့်ချပြသည်။ ဇာတ်သိမ်းမှာတော့ ကိန်းပိုင် ပစ္စည်းများ အားလုံး မီးရှို့ပြီးဖြစ်သဖြင့် ပြာဖြစ်နေပြီ။ ထိုပစ္စည်းထဲမှာ ကိန်းက ကလေးငယ်တစ်ဦးလို ချစ်ခင်သည့် နှင်းလျှောစီး ကစားစရာ နှင်းဆီဖူးပုံလည်း ပါရှိသည်ကို တွေ့ကြရသည်။

ဤရုပ်ရှင်ကားသည် မော်ဒန်ဝတ္ထုနှင့် နှိုင်းလောက်သည့် ရုပ်ရှင် ဖြစ်သည်။ အိပ်ပရက်ရှင်းနစ်ဟန် (expressionism) ပါသည့် ရုပ်ရှင် ဖြစ်သည်။ Sadoul (1972) P 64. Citizen Kane သည် အမေရိကန် လူနေမှုဘဝတို့၏ ဒဏ္ဍာရီဆန်လှသည့် ဖြစ်ရပ်ကို ဖြိုဖျက်ထားသည့်ရုပ်ရှင် ဖြစ်သည်။ ခေတ်ရှင်ဝါဒက ခွင့်ပြုထားသည့် မဟာစီးပွားရေးသမားကြီးများ ဟူသော ဒဏ္ဍာရီ Myth ကို သရော်ထားသည့်ရုပ်ရှင် ဖြစ်သည်။ ဒဏ္ဍာရီသဘောကို ဒီကောန်စထရပ် လုပ်ထားသည့်ရုပ်ရှင် ဖြစ်သည်။ (ရုပ်ရှင်သီဝရီတွင် Deconstruct

mgyoe.com